**မွေးရာပါအထုံပါရမီရှိသူ ပညာရေး (Gifted Education) ဆိုင်ရာ သတင်းအချက်အလက်များည အစီအစဉ် ပါဝင်သူများအတွက် မေးခွန်းများ**

**နိုဝင်ဘာလ 12 ရက်၊ 2024**

**ပါဝင်သူ စုစုပေါင်း 934 ဦး စာရင်းသွင်းဝင်ရောက်ခဲ့သည်**

1. မွေးရာပါအထုံပါရမီရှိသူ အကဲဖြတ်စစ်ဆေးမှုများ၏ ရလဒ်များအား မည်သည့်အချိန်၌ မည်သို့ ရရှိနိုင်အောင် ဆောင်ရွက်ပေးပါမည်နည်း။
    a. ဒေသခံ စာသင်ကျောင်းများနှင့် မိဘများတို့အနေနှင့် ခရိုင်၏ မွေးရာပါ အထုံပါရမီရှိသူ ဖော်ထုတ်ရေး လုပ်ငန်းစဉ်အတွင်း အသုံးပြုသော အကဲဖြတ်စစ်ဆေးမှုမှ ရလဒ်များအား ၎င်းနောက်ဆုံးဆောင်ရွက်ခဲ့သည့် မွေးရာပါ အထုံပါရမီရှိသူ အကဲဖြတ်စစ်ဆေးမှုအပြီး ခရိုင်၏ နောက်တစ်ကြိမ် ဂရိတ်အဆင့်သတ်မှတ်ပေးသော စက်ဝန်းတွင် သို့မဟုတ် ၎င်းမတိုင်မီတွင် ရရှိဖို့ရန် မျှော်လင့်ထားနိုင်ပါသည်။

2. ကလေးတစ်ဦးသည် စစ်ဆေးမှုအား ခံယူပြီးသည့်နောက် မည်မျှအကြာတွင်  ရလဒ်များအား ရရှိနိုင်မည်နည်း။
    a. ကျောင်းသားဖြစ်သူ၏ အချက်အလက်စနစ်အတွင်း အသုံးပြုရန်အတွက် မွေးရာပါအထုံပါရမီရှိသူဆိုင်ရာ ဒေတာအချက်အလက်များအား အက်ပ်လုဒ်တင်သွင်းခြင်းမပြုမီ အကဲဖြတ်စစ်ဆေးမှုများ အားလုံးသည် ဒေတာ အတည်ပြုသည့် လုပ်ငန်းစဉ်တစ်ခုအား ဖြတ်ကျော်ကြရမည် ဖြစ်ရာ စစ်ဆေးမှု ရလဒ်များ ရရှိချိန်သည် ကွဲပြားနိုင်ပါသည်။

3. မွေးရာပါအထုံပါရမီ ပါရှိခြင်း ရှိ/မရှိ ဖော်ထုတ်ရန်အတွက် အကဲဖြတ်စစ်ဆေးမှုခံယူရာတွင် မည်သို့အားဖြင့် ကျွန်ုပ်၏ကလေးအား စစ်ဆေးမှုအကောင်းဆုံးဖြေဆိုနိုင်စေဖို့အတွက် ကျွန်ုပ် ပြင်ဆင်ပေးထားနိုင်မည်နည်း။
    a. စစ်ဆေးမှုခံယူရန် ခေါ်ဆိုသော ကြေငြာချက်များ၊ စစ်ဆေးမှု ဆောင်ရွက်ရန် စီစဉ်ထားသော အချိန်ကာလများအား ကြေငြာပေးသည့် ဝက်ဘ်ဆိုဒ် နှင့် လက်ကမ်းစာစောင်များ အစရှိသည်တို့ကို အသုံးပြု၍ မိမိတို့၏ သက်ဆိုင်ရာ ရပ်ရွာအဖွဲ့အစည်း အုပ်စုများအတွင်း ဆက်သွယ်အသိပေးမှုပြုလုပ်ဖို့ရန် ဒေသခံစာသင်ကျောင်းများအား တိုက်တွန်းအပ်ပါသည်။ အခြားသော အကဲဖြတ်စစ်ဆေးမှုများကဲ့သို့ပင် ၎င်းအား လေးလေးနက်နက် မှတ်ယူသင့်ပြီး၊ စစ်ဆေးမှုခံယူမည့် ကျောင်းသားများအနေနှင့် မဖြေဆိုမီညတွင် ကောင်းမွန်စွာ အိပ်စက်အနားယူထားသင့်သည်၊ မနက်စာအား ကောင်းမွန်စွာ စားသုံးသင့်သည်၊ ထို့ပြင် အကယ်၍ နေလို့ထိုင်လို့မကောင်းပါက သင့်ကလေး၏ စာမေးပွဲစစ်ဆေးမှုအား အချိန်ပြန်လည်စီစဉ်ဖို့အတွက်ဟု မိမိတို့ဒေသခံ စာသင်ကျောင်း၏ မွေးရာပါအထုံပါရမီဆိုင်ရာ ဆက်သွယ်ရေးတာဝန်ရှိသူထံသို့ ဆက်သွယ်အသိပေးသင့်ပေသည်။

4. အောင်မြင်ရရှိမှုဆိုင်ရာ ဒိုမိန်းအတွင်း မွေးရာပါအထုံပါရမီ ပါရှိသူအဖြစ် အရည်အချင်းပြည့်မီရန်အတွက်ဟု ကလေးတစ်ဦး၏ ဆောင်းရာသီ သို့မဟုတ် နွေဦး MAP ရမှတ်သည် ၎င်းတို့၏ ဆောင်းဦးရာသီ MAP ရမှတ်နေရာတွင် အစားထိုး၍ ရနိုင်ပါသလား။
    a. ရပါသည်။ အကဲဖြတ်စစ်ဆေးမှုကာလတစ်ခုခုအတွင်းမှ ကလေးတစ်ဦး၏ MAP ရမှတ်ကို အသုံးပြု၍ မွေးရာပါအထုံပါရမီ ဖော်ထုတ်ရန်အတွက် ထည့်သွင်းစဉ်းစားမှု ပြုလုပ်နိုင်ပါသည်။

5. မိဘများအနေနှင့် မိမိတို့ကလေး၏ ဆောင်းဦးရာသီ၊ ဆောင်းရာသီ နှင့် နွေဦး MAP စာမေးပွဲ ရလဒ်များအား မည်သို့ လက်ခံရရှိမည်နည်း။
   **a.** သင့်ကလေး၏ ဆရာဖြစ်သူသည် စာမေးပွဲ အကဲဖြတ်စစ်ဆေးမှု ကာလတစ်ခုစီ၏ MAP ရလဒ်များအား ထောက်ပံ့ပေးနိုင်သင့်သည်။ သင့်ကလေး၏ စာသင်ကျောင်းမှ အကြံပေးအတိုင်ပင်ခံ နှင့် ကျောင်းအုပ်/တာဝန်ပေးအပ်ထားခြင်းခံရသူတို့သည်လည်း MAP ရလဒ်များအား ထောက်ပံ့ပေးနိုင်သင့်ပါသည်။ DeKalb ကောင်တီ စာသင်ကျောင်းများ၏ အကဲဖြတ်စစ်ဆေးမှု ပြက္ခဒိန်အား ဤလင့်ခ်တွင် တွေ့ ရှိနိုင်ပါသည် - https://dekalbschoolsga.blob.core.windows.net/wpcontent/2024/07/2024-2025-Dekalb-County-School-District-Assessment-Calendar-1.pdf

6. ဆက်လက် စစ်ဆေးမှုများနှင့်ပတ်သက်၍ မိဘများထံသို့ မည်သို့ အသိပေးအကြောင်းကြားပါမည်နည်း။ (ဥပမာအားဖြင့် - 75-98 စုမြောက် ရာခိုင်နှုန်းစု —> ITBS)
   a. ဒေသခံစာသင်ကျောင်းမှ မွေးရာပါအထုံပါရမီဆိုင်ရာ ဆက်သွယ်ရေးတာဝန်ရှိသူသည် မွေးရာပါအထုံပါရမီ ဝန်ဆောင်မှုများနှင့်စပ်လျဉ်း၍ ထည့်သွင်းစဉ်းစားဖို့အလို့ငှာ နောက်ထပ်သော အကဲဖြတ်သုံးသပ်မှုများအား စာသင်ကျောင်းမှ ဆောင်ရွက်နိုင်ရန်အတွက် အကဲဖြတ်သုံးသပ်မှုခံယူရန် မိဘထံမှ သဘောတူခွင့်ပြုချက် တောင်းဆိုသော လျှောက်လွှာဖောင် တစ်စောင်အား နေအိမ်သို့ ပေးပို့မည် ဖြစ်သည်။

7. DeKalb ကောင်တီကျောင်းခရိုင်အတွင်းမှ မွေးရာပါအထုံပါရမီ ဝန်ဆောင်မှု စံနမူနာ မော်ဒယ်များအကြောင်း နောက်ထပ် အချက်အလက်များအား ကျွန်ုပ် မည်သို့ လေ့လာသိရှိနိုင်မည်နည်း။
   **a.** မွေးရာပါအထုံပါရမီ ဝန်ဆောင်မှု စံနမူနာ မော်ဒယ်များအကြောင်း အချက်အလက်များအား ဤလင့်ခ်တွင် စစ်ဆေးကြည့်ရှုနိုင်ပါသည် ("programs (ပရိုဂရမ်များ)" အကန့်) - https://www.dekalbschoolsga.org/gifted/

8. ကျွန်ုပ်တို့၏ကလေးသည် မွေးရာပါအထုံပါရမီ ပရိုဂရမ်အတွင်း ပါရှိသော်လည်း မွေးရာပါအထုံပါရမီဆိုင်ရာ အသိအမှတ်ပြုလက်မှတ်ရ ဆရာတစ်ဦး ၎င်းထံ၌ မရှိပေ။ မည်သည့်အမျိုးအစားသော မွေးရာပါအထုံပါရမီ ဝန်ဆောင်မှုများအား သူမ ရရှိသင့်သနည်း/ရရှိမည်နည်း။
   မွေးရာပါအထုံပါရမီ ဝန်ဆောင်မှုများအား လက်ခံရရှိသော ကျောင်းသားများသည် မွေးရာပါအထုံပါရမီဆိုင်ရာ အသိအမှတ်ပြုလက်မှတ်ရ ဆရာတစ်ဦး သို့မဟုတ် မွေးရာပါအထုံပါရမီ ပံ့ပိုးရေး အစီအစဉ်အတွင်း လက်ရှိ စာရင်းသွင်းထားသော ဆရာတစ်ဦး အစရှိသည်တို့ထံမှ သင်ကြားပေးမှုကို ခံယူရမည် ဖြစ်သည်။ သိရှိထားသင့်သည်မှာ ကျောင်းသားများသည် နယ်ပယ်ဘာသာရပ် ဧရိယာများ အားလုံးအတွက် မွေးရာပါအထုံပါရမီ ဝန်ဆောင်မှုများအား လက်ခံရရှိချင်မှ လက်ခံရရှိပေမည်။ ၎င်းတို့သည် တစ်နေ့တာ၏ အပိုင်းတစ်ပိုင်းတွင်သာလျှင် မွေးရာပါအထုံပါရမီ ဝန်ဆောင်မှုများအား လက်ခံရရှိကောင်း ရရှိပေမည်။ သင့်ကလေးအတွက် မည်သို့ ဝန်ဆောင်မှုပေးမည်ဖြစ်ကြောင်း လေ့လာရန် သင့်စာသင်ကျောင်း၏ မွေးရာပါအထုံပါရမီဆိုင်ရာ ဆက်သွယ်ရေးတာဝန်ရှိသူထံသို့ ဆက်သွယ်ပါ။

9. အကယ်၍ ကျွန်ုပ်၏ကလေးသည် မွေးရာပါအထုံပါရမီ အစီအစဉ်အတွက် စစ်ဆေးမှုခံယူခဲ့လျှင် သူမသည် အရည်အချင်းပြည့်မီခြင်း ရှိ/မရှိ သိရှိရန် မည်သူ့ထံသို့ ကျွန်ုပ်တို့ ဆက်သွယ်နိုင်မည်နည်း။
   a. မိဘ/အုပ်ထိန်းသူထံသို့ ဒေသခံစာသင်ကျောင်းမှ ဆက်သွယ်၊ အသိပေးသွားမည် ဖြစ်ပါသည်။ မိဘများအနေနှင့် ခရိုင်၏ မွေးရာပါ အထုံပါရမီရှိသူ ဖော်ထုတ်ရေး လုပ်ငန်းစဉ်အတွင်း အသုံးပြုသော အကဲဖြတ်စစ်ဆေးမှုမှ ရလဒ်များအား ခရိုင်၏ နောက်တစ်ကြိမ် ဂရိတ်အဆင့်သတ်မှတ်ပေးသော စက်ဝန်းတွင် သို့မဟုတ် ၎င်းမတိုင်မီတွင် ရရှိဖို့ရန် မျှော်လင့်ထားနိုင်ပါသည်။ စာရွက်စာတမ်း အထောက်အထားများအတွင်းတွင် အရည်အချင်းပြည့်မီကြောင်း

စာတစ်စောင်၊ ဆက်လက်ဆောင်ရွက်ရန် သဘောတူညီချက်၊ ကျောင်းသား/တစ်ဦးချင်း ရမှတ် အစီရင်ခံချက်၊ နှင့် မွေးရာပါ အထုံပါရမီရှိသူ အခြေအနေနှင့်ပတ်သက်၍ အရည်အချင်းပြည့်မီမှုဆိုင်ရာ အစီရင်ခံချက်တစ်စောင် အစရှိသည်တို့ ပါဝင်မည် ဖြစ်သည်။

10. အကယ်၍ စာသင်ကျောင်းအတွင်းမှ မွေးရာပါအထုံပါရမီ အစီအစဉ်သည် လုံလောက်မှု မရှိလျှင် ဂရိတ်အတန်း ကျော်တက်ခြင်းအား DeKalb ကောင်တီမှ ပံ့ပိုးလက်ခံပါသလား။
    a. အကယ်၍ မိဘ/အုပ်ထိန်းသူတစ်ဦးသည် မိမိတို့၏ကလေးအတွက် ဂရိတ်အတန်း အမြန်တက်ခြင်း သို့မဟုတ် ဂရိတ်အတန်းများကျော်တက်ခြင်းအကြောင်း ဆွေးနွေးဖို့ ဆန္ဒရှိလျှင် ၎င်းတို့အနေနှင့် ၎င်းတို့ကလေး၏ စာသင်ကျောင်းမှ ကျောင်းအုပ်ထံသို့ ဆက်သွယ်သင့်ပါသည်။ ဂရိတ်အတန်း အမြန်ကျော်တက်ခြင်း လုပ်ငန်းစဉ်သည် စင်စစ် မွေးရာပါအထုံပါရမီဆိုင်ရာ ပညာရေးဌာန၏ ဦးဆောင်ထောက်ပံ့မှုအောက်တွင် မရှိပေ။ ဤလုပ်ငန်းစဉ်သည် စင်စစ် DCSD **ဘုတ်အဖွဲ့ မူဝါဒ IHEB နှင့် စပ်လျဥ်းသော ဒေသခံ စာသင်ကျောင်းအဆင့် လုပ်ငန်းစဉ် ဖြစ်သည် - ပညာရေးဆိုင်ရာ အောင်မြင်ရရှိမှု -** https://simbli.eboardsolutions.com/Policy/ViewPolicy.aspx?S=4054&revid=7r6KfX9meCnEdUJeDhccVQ==&st=grade%20acceleration&mt=Exact

11. မူကြိုတန်း (Pre-K) မှ ကလေးတစ်ဦးသည် မွေးရာပါအထုံပါရမီ ပညာရေးအတွက် အရည်အချင်းပြည့်မီနိုင်ပါသလား။
    a. မပြည့်မီနိုင်ပါ။ Georgia ပြည်နယ်၏ အများပြည်သူပိုင် စာသင်ကျောင်းများအတွင်းမှ မွေးရာပါအထုံပါရမီ ပညာရေးသည် ဂရိတ် သူငယ်တန်းမှ ဂရိတ် 12တန်း အတွက်သာလျှင် အကဲဖြတ်စစ်ဆေးပေးခြင်း၊ ထောက်ပံ့ပေးထားခြင်း၊ ထို့ပြင် အရင်းအမြစ်ပံ့ပိုးထားခြင်း ဖြစ်သည်။

12. စာသင်ကျောင်း တစ်ကျောင်းစီတွင် မည်သည့်အမျိုးအစားသော မွေးရာပါအထုံပါရမီ ပရိုဂရမ် မော်ဒယ်အား ကမ်းလှမ်းထောက်ပံ့ပေးမည်ကို ဆုံးဖြတ်ရန် မည်သည့်အား အသုံးပြုသနည်း။
    a. ဒေသခံစာသင်ကျောင်း၏ အဆောက်အအုံ စီမံအုပ်ချုပ်မှုဌာနသည် ၎င်းတို့တွင်ရှိသော ဝန်ထမ်းအင်အားနှင့်အညီ ၎င်းတို့၏ မွေးရာပါအထုံပါရမီရှိသူ ကျောင်းသားထု၏ လိုအပ်ချက်များအား အကောင်းဆုံး ဖြည့်ဆည်းပေးရန် မည်သည့် သင်ကြားပို့ချမှုမော်ဒယ်များအား အသုံးပြုမည်ဖြစ်ကြောင်း ကိုယ်ပိုင်သတ်မှတ်ဆုံးဖြတ်ပိုင်ခွင့် အပြည့်အဝ ရရှိထားပါသည်။ ဤသည်တို့သည် စာသင်ကျောင်း တစ်ကျောင်းနှင့်တစ်ကျောင်း ကွာခြားမှုရှိမည် ဖြစ်သည်။ ဒေသခံ အချက်အလက်များ (ဆိုလိုသည်မှာမွေးရာပါ အထုံပါရမီရှိသူအဖြစ် ဖော်ထုတ်သတ်မှတ်ခံရသော ကျောင်းသားများ အရေအတွက်၊ မွေးရာပါ အထုံပါရမီအား ပံ့ပိုးပေးမည့် ဆရာ၊ဆရာမများ၊ ကျောင်းအချိန်စာရင်း အစရှိသည်တို့) အပေါ်တွင်အခြေခံကာ ဒေသခံစာသင်ကျောင်း၏ မွေးရာပါ အထုံပါရမီရှိသူဆိုင်ရာ ဝန်ဆောင်မှုအား ရွေးချယ်ရာတွင် အထောက်အကူပြုပေးရန်အလို့ငှာ ခရိုင်၏ မွေးရာပါ အထုံပါရမီရှိသူဆိုင်ရာ ပညာရေးအဖွဲ့သည် ကျောင်းစီမံအုပ်ချုပ်မှုအား ဆက်လက် ကူညီထောက်ပံ့ပေးသွားမည် ဖြစ်သည်။

13. လုပ်ငန်းစဉ်တစ်လျှောက် မိဘများထံ နောက်ဆုံးရ သတင်းအချက်အလက်များ စာသင်ကျောင်းမှ အဆက်မပြတ် ပေးပို့နေမည်ဖြစ်ကြောင်း သေချာစေရန်ငှာ မိဘများထံသို့ မည်သည့်အား သင် အကြံပြုလိုပါသနည်း။
    a. စစ်ဆေးမှုခံယူရန် ခေါ်ဆိုသော ကြေငြာချက်များ၊ စစ်ဆေးမှု ဆောင်ရွက်ရန် စီစဉ်ထားသော အချိန်ကာလများအား ကြေငြာပေးသည့် ဝက်ဘ်ဆိုဒ် နှင့် လက်ကမ်းစာစောင်များ အစရှိသည်တို့ကို အသုံးပြု၍ မိမိတို့၏ သက်ဆိုင်ရာ ရပ်ရွာအဖွဲ့အစည်း အုပ်စုများအတွင်း ဆက်သွယ်အသိပေးမှုပြုလုပ်ဖို့ရန် ဒေသခံစာသင်ကျောင်းများအား

တိုက်တွန်းအပ်ပါသည်။ မွေးရာပါအထုံပါရမီ စစ်ဆေးမှုလုပ်ငန်းစဉ်နှင့်စပ်လျဉ်း၍ တစ်စုံတစ်ရာသော မေးခွန်းများ ရှိခဲ့လျှင် ဒေသခံစာသင်ကျောင်း၏ မွေးရာပါအထုံပါရမီဆိုင်ရာ ဆက်သွယ်ရေးတာဝန်ရှိသူထံသို့ ဆက်သွယ်ဖို့ရန် မိဘများအား တိုက်တွန်းအပ်ပါသည်။

14. သင့်ကလေး စစ်ဆေးမှုခံယူပြီးသည့်နောက် မည်သည်တို့အား ကျွန်ုပ်တို့ မျှော်လင့်ထားနိုင်ပါသနည်း။
    a. မွေးရာပါ အထုံပါရမီရှိသူ ဖော်ထုတ်ရေး လုပ်ငန်းစဉ်အား ပြီးမြောက်ဆောင်ရွက်၍ ဤလုပ်ငန်းစဉ်အတွင်း အသုံးပြုထားသော ဒေတာအချက်အလက်များအား ကျောင်းသား သတင်းအချက်အလက် စနစ် (SIS) အတွင်း နေရာချထည့်သွင်းပြီးသည်နှင့်တစ်ပြိုင်နက် ဒေသခံ စာသင်ကျောင်းသည် မိဘ/အုပ်ထိန်းသူထံသို့ အသိပေးအကြောင်းကြားချက်အား ဆက်သွယ်ပေးပို့သွားမည် ဖြစ်သည်။ မိဘများအနေနှင့် ခရိုင်၏ မွေးရာပါ အထုံပါရမီရှိသူ ဖော်ထုတ်ရေး လုပ်ငန်းစဉ်အတွင်း အသုံးပြုသော အကဲဖြတ်စစ်ဆေးမှုမှ ရလဒ်များအား ခရိုင်၏ နောက်တစ်ကြိမ် ဂရိတ်အဆင့်သတ်မှတ်ပေးသော စက်ဝန်းတွင် သို့မဟုတ် ၎င်းမတိုင်မီတွင် ရရှိဖို့ရန် မျှော်လင့်ထားနိုင်ပါသည်။ စာရွက်စာတမ်း အထောက်အထားများအတွင်းတွင် အရည်အချင်းပြည့်မီကြောင်း စာတစ်စောင်၊ ဆက်လက်ဆောင်ရွက်ရန် သဘောတူညီချက်၊ ကျောင်းသား/တစ်ဦးချင်း ရမှတ် အစီရင်ခံချက်၊ ဒေသခံ စာသင်ကျောင်း လက်ကမ်းစာစောင် နှင့် မွေးရာပါ အထုံပါရမီရှိသူ အခြေအနေနှင့်ပတ်သက်၍ အရည်အချင်းပြည့်မီမှုဆိုင်ရာ အစီရင်ခံချက်တစ်စောင် အစရှိသည်တို့ ပါဝင်မည် ဖြစ်သည်။ အကယ်၍ ၎င်းတို့အား မွေးရာပါအထုံပါရမီရှိသူအဖြစ် ဖော်ထုတ်တွေ့ ရှိရလျှင် ၎င်းတို့၏ ပညာရေးအတွင်း မည်သည့် အပြောင်းအလဲများ ရှိလာမည်နည်း။ ကျောင်းခေါင်းဆောင်များသည် ကျောင်းသား ညှိနှိုင်းပါဝင်ဆောင်ရွက်မှု အဆင့် နှင့် ဂရိတ်အတန်းနှင့်အညီ ချမှတ်သော တာဝန်များတို့အား သတ်မှတ်ဆုံးဖြတ်ရန်အလို့ငှာ ရှောင်တခင် စစ်ဆေးလေ့လာမှုများ နှင့် တရားဝင် လေ့လာစောင့်ကြည့်မှုများတို့ကို ပုံမှန် လုပ်ပတ် ဆောင်ရွက်ပါသည်။ သင်ခန်းစာ အစီအစဉ်နှင့်ပတ်သက်၍ လိုအပ်သော ပြုပြင်မွမ်းမံမှုများ ပြုလုပ်နိုင်စေရန်ငှာ ဆရာ၊ဆရာမများထံ ရေးသား တုံ့ပြန်မှတ်ချက်များအား ပေးအပ်ပါသည်။ မွေးရာပါ အထုံပါရမီရှိသူဆိုင်ရာ ပညာရေးဌာနသည် ခြားနားချက်၊ သင်ကြားပို့ချမှုဆိုင်ရာ နည်းဗျူဟာများ အစရှိသည့် အကြောင်းအရာ ခေါင်းစဉ်များ ပါဝင်သည့် လုပ်ငန်းကျွမ်းကျင်မှုပိုင်းဆိုင်ရာ ပရော်ဖက်ရှင်နယ် သင်တန်းအား နွေရာသီကာလ နှင့် ကျောင်းပညာသင်နှစ်အတွင်း ကမ်းလှမ်းထောက်ပံ့ပေး၍ ပညာရေးဆိုင်ရာ စိန်ခေါ်မှုများရှိသော ပတ်ဝန်းကျင်တစ်ခုအား ဖန်တီးပေးခြင်းအားဖြင့် ဒေသခံ စာသင်ကျောင်း စီမံအုပ်ချုပ်သူများ နှင့် ဆရာ၊ဆရာမများတို့အတွက် ပံ့ပိုးမှုများအား ထောက်ပံ့ပေးသည်။ ၎င်းတို့သည် အခြားသော စာသင်ကျောင်းတစ်ခုသို့ ရွှေ့ပြောင်းရပါမည်လား။ မရွှေ့ပြောင်းရပါ။ မိဘအချို့အနေနှင့် စာသင်ကျောင်း ရွေးချယ်အပ်နှံမှု အစီအစဉ် (School Choice Enrollment Program) အတွင်း ပါဝင်ရန် ရွေးချယ်နိုင်သော်ငြား ဤသည်မှာ မိမိစိတ်ကြိုက် ဆုံးဖြတ်ရွေးချယ်နိုင်ပြီး၊ မွေးရာပါအထုံပါရမီ ဖော်ထုတ်ရေးနှင့် တစ်ပြိုင်တည်း သေချာပေါက် ဆောင်ရွက်ဖို့ မလိုပေ။

15. မွေးရာပါအထုံပါရမီ/အဆင့်မြင့် သင်ရိုးအစီအစဉ်များအတွင်း မပါဝင်သည်ဟု ယူဆရသော သင်ရိုးများအတွင်း မွေးရာပါအထုံပါရမီရှိသူ ကလေးများအား သင်ကြားပေးရမည့် ဆရာ၊ဆရာမများအတွက် တိုးတက်မှု နှင့် ဖွံ့ ဖြိုးမှုဆိုင်ရာ ထရိန်နင်သင်တန်းအား ကမ်းလှမ်းထောက်ပံ့ပေးရန် ခရိုင်အနေနှင့် မည်သည်တို့အား ဆောင်ရွက်လျက်ရှိသနည်း။
    a. မွေးရာပါအထုံပါရမီဆိုင်ရာ ပညာရေးဌာနသည် နွေရာသီ နှင့် ကျောင်းပညာသင်နှစ်တစ်လျှောက်လုံးတွင် ဆရာ၊ဆရာမများ အားလုံးအတွက် ကျွမ်းကျင် သင်ယူလေ့လာမှုအား ကမ်းလှမ်းထောက်ပံ့ပေးလျက် ရှိပါသည်။ ဤစက်ရှင်များသည် မေးခွန်းထုတ်ခြင်း/ဆွေးနွေးခြင်း နှင့် တုံ့ပြန်မှတ်ချက်ပြုခြင်း/တိုးတက်ကြီးထွားခြင်း ခံယူချက်ကဲ့သို့သော အကြောင်းအရာခေါင်းစဉ်များမှတစ်ဆင့် ပညာရေးဆိုင်ရာ ပြိုင်ဆိုင်စိန်ခေါ်မှုရှိသော ပတ်ဝန်းကျင်တစ်ခုအား ဖန်တီးဆောင်ရွက်ပေးပါသည်။ ကျောင်းခေါင်းဆောင်များသည်လည်း

မိမိတို့စာသင်ကျောင်းများအတွင်းမှ စာသင်ခန်းများ၊ မွေးရာပါအထုံပါရမီအစီအစဉ်နှင့် အခြားအရာများတို့ကို ပုံမှန် စောင့်ကြည့်လေ့လာလျက်ရှိပြီး၊ ဆရာ၊ဆရာမများထံ စာသင်ခန်း၏ သင်ကြားပို့ချမှုဆိုင်ရာ ထိရောက်မှု နှင့် အရည်အချင်းပြည့်မီမှုတို့နှင့်စပ်လျဉ်းပြီး တုံ့ပြန်မှတ်ချက်များ၊ လုပ်ငန်းကျွမ်းကျင်မှုပိုင်းဆိုင်ရာ ဖွံ့ ဖြိုးတိုးတက်ရန် အခွင့်အလမ်းများ နှင့် အကဲဖြတ်သုံးသပ်မှုများတို့ကို ထောက်ပံ့ပေးလျက် ရှိပါသည်၊ ထို့အပြင် ၎င်းတို့ ဝန်ထမ်းများ၏ လိုအပ်ချက်များအား ပိုမိုကောင်းမွန်စွာ ဖြည့်ဆည်းပေးနိုင်မည့် တစ်ဦးချင်းအလိုက် ရေးဆွဲထားသော ထရိန်နင် စက်ရှင်များကိုလည်း ရွေးချယ်တက်ရောက်စေမည် ဖြစ်သည်။

16. အကယ်၍ ကျွန်ုပ်၏ကျောင်းသားသည် မွေးရာပါအထုံပါရမီ ဝန်ဆောင်မှုများအတွက် အရည်အချင်းပြည့်မီလျှင် အဆိုပါဝန်ဆောင်မှုများသည် မည်သည့်အချိန်၌ စတင်မည်နည်း။
    a. အရည်အချင်းပြည့်မီကြောင်း သတ်မှတ်ဆုံးဖြတ်ပေးခဲ့သည့် အချိန်ကာလအပေါ် မူတည်ကာ မွေးရာပါအထုံပါရမီ ဝန်ဆောင်မှုများအား နောက်လာမည့် စာသင်နှစ်ဝက်/ကျောင်းပညာသင်နှစ်တွင် မိမိတို့၏ ကျောင်းသားများ စတင်ရရှိနိုင်ကြောင်း မိဘများမှ မျှော်မှန်းထားနိုင်ပါသည်။ နွေဦးတွင် မွေးရာပါအထုံပါရမီ ဝန်ဆောင်မှုများအတွက် အရည်အချင်းပြည့်မီသည်ဟု ယူဆရသည့် ကျောင်းသားများသည် နောက်လာမည့် ကျောင်းပညာသင်နှစ်၏ ဆောင်းဦးကာလတွင် ဝန်ဆောင်မှုရရှိဖို့ရန် မျှော်မှန်းထားနိုင်ပါသည်။

17. ကျွန်ုပ်ကလေး၏ လက်ရှိ မွေးရာပါအထုံပါရမီ အခြေအနေအား စစ်ဆေးဖို့ရန် နည်းလမ်းတစ်စုံတစ်ရာ ရှိပါသလား။
    a. ဒေသခံစာသင်ကျောင်းသည် မွေးရာပါအထုံပါရမီ ဝန်ဆောင်မှုများအတွက် မည်သည့်ကလေးသည် စစ်ဆေးမှုခံယူရမည်ဖြစ်ကြောင်း အသိပေးအကြောင်းကြားချက်အား မိဘများထံ ထောက်ပံ့ပေးပါသည်။ ဤတွင်ပါဝင်နိုင်သည်မှာ ကလေး၏ တစ်ဦးချင်း ရမှတ်အစီရင်ခံချက်များ နှင့် ၎င်းတို့၏ မွေးရာပါအထုံပါရမီ အခြေအနေအား ဖော်ပြသည့် အရည်အချင်းပြည့်မီမှု အစီရင်ခံချက်တို့ ဖြစ်သည်။

18. IEP ရရှိသော ကျောင်းသားများအတွက် မွေးရာပါအထုံပါရမီ ပညာရေး၏ ဆက်သွယ်သက်ရောက်မှုများမှာ မည်သို့နည်း။
    a. ကျောင်းသားဖြစ်သူသည် သင်ရိုးညွှန်းတမ်းအား ရယူနိုင်ကြောင်း နှင့်/သို့မဟုတ် ပညာရေး စံသတ်မှတ်ချက်များနှင့်အညီ သင်ကြားခံရကြောင်း သေချာစေရန်ငှာ တစ်ဦးချင်းအလိုက် ပညာရေးအစီအစဉ် (IEP) သို့မဟုတ် 504 အစီအစဉ်တစ်ခုအတွင်း ဖော်ပြထားသော နေရာထိုင်ခင်းပြင်ဆင်မှု မှန်သမျှအား လိုက်နာဆောင်ရွက်ပေးရမည် ဖြစ်သည်။

19. အကယ်၍ ကျွန်ုပ်၏ကလေးသည် မူလတန်းကျောင်း၌ မွေးရာပါအထုံပါရမီ ပညာရေးအတွက် အရည်အချင်းပြည့်မီခဲ့ပြီး၊ အဆိုပါ မွေးရာပါအထုံပါရမီ ပါရှိမှု အခြေအနေအား ဆက်လက်ထိန်းသိမ်းထားလျှင် အဆိုပါ မွေးရာပါအထုံပါရမီ ဖော်ထုတ်မှုအား အလယ်တန်းနှင့် အထက်တန်းကျောင်းအထိ သယ်ဆောင်သွားနိုင်ပါမည်လား။
    a. ဟုတ်ပါသည်။ ကျောင်းသားတစ်ဦးသည် မွေးရာပါအထုံပါရမီ ဝန်ဆောင်မှုများအတွက် အရည်အချင်းပြည့်မီသည်နှင့်တစ်ပြိုင်နက် မွေးရာပါအထုံပါရမီ ဖော်ထုတ်မှုအခြေအနေအတွင်း ဆက်လက်ရှိနေရန် နောက်ထပ်သော အကဲဖြတ်စစ်ဆေးမှုများအား ခံယူဖို့ မလိုအပ်တော့ပေ။

20. မွေးရာပါအထုံပါရမီ ဝန်ဆောင်မှုများအား လက်ခံရရှိသော ကျောင်းသားများအတွက် သင်ကြားပို့ချမှုသည် အထွေထွေ သင်ရိုးညွှန်းတမ်းဖြင့် မည်သို့ ကွဲပြားခြားနားမှု ရှိသနည်း။
    **a.** Georgia ပညာရေးဌာန၏ စည်းမျဉ်း 160-4-2-.38 - မွေးရာပါအထုံပါရမီရှိသူ ကျောင်းသားများအတွက် ပညာရေးအစီအစဉ် သတ်မှတ်ချက်အရ ခြားနားသော သင်ရိုးညွှန်းတမ်းတစ်ခု ဆိုသည်မှာ စင်စစ်

"မွေးရာပါအထုံပါရမီရှိသော ကျောင်းသားများအတွက် သင့်တင့်စွာ ချိန်ညှိပြင်ဆင်ထားသော အကြောင်းအရာဘာသာရပ်၊ သင်ကြားပို့ချမှု နည်းစနစ်များ နှင့် ကျောင်းသားတတ်မြောက်မှုဆိုင်ရာ မျှော်မှန်းချက်များတို့နှင့်အညီဖြစ်သော သင်ယူလေ့လာမှု သင်ရိုးများ" ကို ဆိုလိုခြင်း ဖြစ်သည်။ https://cdn-cms-gadoe-org-fpf4gke0fwd4htef.a03.azurefd.net/app/uploads/2024/11/EDUCATION-PROGRAM-FOR-GIFTED-STUDENTS.pdf

21. ကျောင်းသားများသည် မွေးရာပါအထုံပါရမီရှိသူအဖြစ် ဖော်ထုတ်သတ်မှတ်ခံရပြီးနောက် ၎င်းတို့ ရရှိသော ထောက်ပံ့မှုများအား ခရိုင်မှ မည်သို့ ခြေရာခံ၊ အကဲဖြတ်သုံးသပ်ပေးသနည်း။
    a. DCSD ၏ မွေးရာပါအထုံပါရမီဆိုင်ရာ ပညာရေးဌာနသည် လက်ရှိတွင် မွေးရာပါအထုံပါရမီ ပညာရေး စီစဉ်ဆောင်ရွက်ပေးသူ အကြီးတန်းစီနီယာ နှစ်ဦးဖြင့် ဖွဲ့စည်းထားပါသည်။ အဆိုပါ စီစဉ်ဆောင်ရွက်ပေးသူများသည် စာသင်ကျောင်းများသို့ မကြာခဏ လည်ပတ်စစ်ဆေးကြည့်ရှုပြီး၊ မွေးရာပါအထုံပါရမီ ပညာရေးအစီအစဉ် လိုအပ်ချက်များ၊ အစီအစဉ်အတွင်း ပါဝင်မှုများ၊ လုပ်ငန်းကျွမ်းကျင်မှုပိုင်းဆိုင်ရာ ဖွံ့ ဖြိုးတိုးတက်မှု၊ မွေးရာပါအထုံပါရမီဖော်ထုတ်ရေး အကဲဖြတ်စစ်ဆေးမှုများ နှင့် စာသင်ခန်း သင်ကြားပို့ချမှုများ အစရှိသော အကြောင်းအရာများနှင့်စပ်လျဉ်းပြီး မွေးရာပါအထုံပါရမီ ဆရာ၊ဆရာမများ၊ မွေးရာပါအထုံပါရမီ ဆက်သွယ်ဆောင်ရွက်ပေးသူဝန်ထမ်းများ နှင့် စာသင်ကျောင်း စီမံအုပ်ချုပ်သူများတို့နှင့်အတူ ပုံမှန် ဆက်သွယ်ဆောင်ရွက်မှု ပြုပါသည်။ ထို့ပြင် ခရိုင်နှင့် စာသင်ကျောင်း အဆင့်များတွင် ကျွန်ုပ်တို့၏ MAP စာမေးပွဲစစ်ဆေးမှုများမှ စုပေါင်းရလဒ်များအား ကျောင်းပညာသင်နှစ် တစ်နှစ်လျှင် သုံးကြိမ်တိုင် အစီရင်ခံတင်ပို့ရပြီး၊ ဤတွင် ကျွန်ုပ်တို့ မွေးရာပါအထုံပါရမီရှိသူ ကျောင်းသားများ အောင်မြင်ရရှိခဲ့သော အလုံးစုံသော ပညာရေး ရလဒ်များ နှင့် တိုးတက်မှုများ ပါဝင်ကာ - အဆိုပါ ပံ့ပိုးမှုများ၏ သက်ရောက်မှုများကို စောင့်ကြည့်စစ်ဆေးနိုင်စေဖို့အတွက်ဌာ ပေးပို့ရခြင်း ဖြစ်သည်။

22. မွေးရာပါအထုံပါရမီ သင်ရိုးအပိုင်းများမှ ဆရာ၊ဆရာမများ ရရှိနိုင်မည့် ထပ်ဆောင်း သင်ကြားပို့ချမှုဆိုင်ရာ အရင်းအမြစ်များမှာ မည်သည်တို့နည်း။
    a. မွေးရာပါအထုံပါရမီအပိုင်းမှ ဆရာ၊ဆရာမများအတွက် သင်ကြားပို့ချမှုဆိုင်ရာ အရင်းအမြစ်များနှင့်စပ်လျဉ်းပြီး နောက်ထပ်သော တွေးခေါ်စဉ်းစားချင့်ချိန်မှု နှင့် ခွဲခြမ်းဝေဖန်ပိုင်းခြားမှု အရည်အချင်းများ ဆက်လက် ဖွံ့ ဖြိုးတိုးတက်လာစေဖို့ဌာ ကျောင်းသားများအား ပံ့ပိုးထောက်ပံ့ပေးရသည့် မွေးရာပါအထုံပါရမီဖော်ထုတ်ပေးသော ဆရာ၊ဆရာမများအား ပံ့ပိုးရန်အတွက် မွေးရာပါအထုံပါရမီဆိုင်ရာ ပညာရေးဌာနသည် စာအုပ်များ နှင့် အွန်လိုင်း အရင်းအမြစ်များ နှစ်မျိုးစလုံးအား အကြံပြုထောက်ခံအပ်ပါသည်။ ထပ်ဆောင်း သင်ကြားပို့ချမှုဆိုင်ရာ အရင်းအမြစ်များအား 2024-2025 ကျောင်းပညာသင်နှစ်အတွင်း ဝယ်ယူနိုင်ဖို့ရန် မျှော်မှန်းထားပြီး၊ ၎င်းတို့အား ရရှိပြီးသည့်နှင့်တစ်ပြိုင်နက် ထိရောက်စွာ အသုံးချ၊ အကောင်အထည်ဖော်ဆောင်ရွက်နိုင်စေရန်အလို့ငှာ ထပ်ဆောင်း ထရိန်နင်သင်တန်းများအား ဆရာ၊ဆရာမများထံ ထောက်ပံ့ပေးသွားမည် ဖြစ်ပါသည်။

23. မွေးရာပါအထုံပါရမီ ပညာရေးနှင့်စပ်လျဉ်းသော အချက်အလက်များအား DeKalb ကောင်တီကျောင်းခရိုင် ဝက်ဘ်ဆိုဒ်၏ မည်သည့်နေရာတွင် ကျွန်ုပ်တို့ ရှာဖွေကြည့်ရှုနိုင်မည်နည်း။
    a. www.DeKalbSchoolsGA.org/Gifted

24. အကယ်၍ ကျွန်ုပ်၏ကလေးသည် မွေးရာပါအထုံပါရမီ အကဲဖြတ်စစ်ဆေးမှုများထဲမှ အနည်းဆုံးတစ်ခုတွင် အရည်အချင်းပြည့်မီသော ရမှတ်အား ရရှိခဲ့လျှင် နောက်ပိုင်းကာလတစ်ခုတွင်မှ မွေးရာပါအထုံပါရမီ ဖော်ထုတ်ရေးအတွက် ထည့်သွင်းစဉ်းစားခံရရန် တူညီသော အကဲဖြတ်စစ်ဆေးမှုအား ထပ်မံ ခံယူဖို့ လိုအပ်ပါသလား။
   a. အဆိုပါ တူညီသော အကဲဖြတ်စစ်ဆေးမှုအား ဆောင်ရွက်ထားသည့်အချိန်မှ ၂နှစ်သော အချိန်ကာလအတွင်း စစ်ဆေးမှုအား မခံယူနိုင်ပေ။ အခြားသော သတ်မှတ်ထားသော ဒိုမိန်းများ (ဆိုလိုသည်မှာ အောင်မြင်ရရှိမှု၊ စိတ်စွမ်းရည်များ၊ တီထွင်ဖန်တီးမှု၊ စိတ်လှုံ့ဆော်တက်ကြွမှု) အတွင်း မွေးရာပါအထုံပါရမီ ဝန်ဆောင်မှုများအတွက် အဆုံးတွင် အရည်အချင်းပြည့်မီစေရန်အလို့ငှာ ကျောင်းသားတစ်ဦးအတွက် အကဲဖြတ်စစ်ဆေးမှုတစ်ခု၏ ရမှတ်များသည်  ၂နှစ်တာအတွင်း အကျုံးဝင်သက်ရောက်မှုရှိနေမည် ဖြစ်သည်။

25. ကျောင်းသားတစ်ဦးသည့် ပုဂ္ဂလိက စာသင်ကျောင်း တစ်ကျောင်းတွင် မွေးရာပါအထုံပါရမီ ပညာရေးအတွက် အကဲဖြတ်စစ်ဆေးမှု ခံယူနိုင်ပါသလား။
   a. မခံယူနိုင်ပါ။ ကျောင်းသားများသည် မွေးရာပါအထုံပါရမီ အကဲဖြတ်စစ်ဆေးမှု လုပ်ငန်းစဉ်အတွင်း ပါဝင်နိုင်ဖို့ရန်ငှာ DeKalb ကေင်တီကျောင်းခရိုင်တွင် စာရင်းသွင်း၊ တက်ရောက်နေသော ကျောင်းသားများ ဖြစ်ရမည် ဖြစ်သည်။

26. အကယ်၍ ကျောင်းသားတစ်ဦးသည် ပထမအကြိမ်၌ အရည်အချင်းပြည့်မီခြင်း မရှိလျှင် နောက်ထပ်သော အကဲဖြတ်စစ်ဆေးမှုကာလအတွင်း မွေးရာပါအထုံပါရမီ ဖော်ထုတ်ရေး၌ နောက်တစ်ကြိမ် ထပ်မံ အကဲဖြတ်စစ်ဆေးမှု ခံယူနိုင်ပါသလား။
   a. ခံယူနိုင်ပါသည်။ DeKalb ကောင်တီကျောင်းခရိုင်သည် ကျောင်းပညာသင်နှစ် တစ်နှစ်အတောအတွင်း မွေးရာပါအထုံပါရမီ ဖော်ထုတ်ရေး အကဲဖြတ်စစ်ဆေးမှု ကာလ နှစ်ခုအား စီစဉ်ဆောင်ရွက်ထားပါသည် -   ဆောင်းဦး (အောက်တိုဘာလ) နှင့် နွေဦး (ဖေဖော်ဝါရီလ)

27. မွေးရာပါအထုံပါရမီရှိသူအဖြစ် ဖော်ထုတ်သတ်မှတ်ခံရသော ကျောင်းသားတစ်ဦးသည် ဂရိတ်အတန်း ကျော်တက်ခြင်း သို့မဟုတ် ခုန်တက်ခြင်း ပြုလုပ်နိုင်ပါသလား။
   **a.** ဤသည်မှ တစ်ဦးချင်းစီ၏ အခြေအနေတစ်ခုချင်းအလိုက် ဆုံးဖြတ်ချက် ဖြစ်ပြီး၊ ကျောင်းသားဖြစ်သူ၏ မိသားစုနှင့်အတူ ပူးပေါင်းကာ စာသင်ကျောင်းအဆင့်တွင်ပင် စီစဉ်ဖြေရှင်းနိုင်ပါသည်။  မွေးရာပါအထုံပါရမီ ဖော်ထုတ်ရေးသည် ကျောင်းသား၏ ဖြစ်နိုင်ခြေရှိသော ဂရိတ်အတန်း အမြန်ကျော်တက်ခြင်း လုပ်ငန်းစဉ်အပေါ် သက်ရောက်လွှမ်းမိုးမှု မပြုပေ။  အကယ်၍ မိဘ/အုပ်ထိန်းသူတစ်ဦးသည် မိမိတို့၏ကလေး ဂရိတ်အတန်း အမြန်ကျော်တက်ရန် သို့မဟုတ် အတန်းကျော်တက်ဖို့ရန်နှင့်စပ်လျဉ်းပြီး ဆွေးနွေးဖို့ရန် ဆန္ဒရှိလျှင် ၎င်းတို့အနေနှင့် ကလေး၏ စာသင်ကျောင်းမှ ကျောင်းအုပ်ထံသို့ ဆက်သွယ်သင့်ပေသည်။ ဂရိတ်အတန်း အမြန်ကျော်တက်ခြင်း လုပ်ငန်းစဉ်သည် စင်စစ် မွေးရာပါအထုံပါရမီဆိုင်ရာ ပညာရေးဌာန၏ ဦးဆောင်ထောက်ပံ့မှုအောက်တွင် မရှိပေ။ ဤလုပ်ငန်းစဉ်သည် စင်စစ် DCSD **ဘုတ်အဖွဲ့ မူဝါဒ IHEB နှင့် စပ်လျဉ်းသော ဒေသခံ စာသင်ကျောင်းအဆင့် လုပ်ငန်းစဉ် ဖြစ်သည် - ပညာရေးဆိုင်ရာ အောင်မြင်ရရှိမှု -**
   https://simbli.eboardsolutions.com/Policy/ViewPolicy.aspx?S=4054&revid=7r6KfX9meCnEdUJeDhccVQ==&st=grade%20acceleration&mt=Exact

28. မွေးရာပါအထုံပါရမီ ရှိသူအဖြစ် ဖော်ထုတ်သတ်မှတ်ခံရခြင်း၏ အကျိုးကျေးဇူးအချို့ မှာ မည်သည်တို့နည်း။
   a. မွေးရာပါအထုံပါရမီ ရှိသူအဖြစ် ဖော်ထုတ်သတ်မှတ်ခံရခြင်း၏ အကျိုးကျေးဇူးများမှာ ကျောင်းသားများအနေနှင့် မိမိတို့နှင့်စိတ်တူကိုယ်တူ အပေါင်းအဖော်များနှင့်အတူ သင်ယူဖို့ရန် အခွင့်အလမ်းများ ပိုမိုရရှိခြင်း၊ မိမိတို့၏

သင်ကြားပို့ချမှုဆိုင်ရာ လိုအပ်ချက်များအား အကောင်းဆုံးဖြည့်ဆည်းပေးနိုင်မည့် ပိုမိုလျှင်မြန်သောနှုန်းဖြင့် သင်ကြားခံရခြင်း၊ ကျောင်းသား၏ အားသာချက်များ နှင့်/သို့မဟုတ် စိတ်ပါဝင်စားမှုအပေါ် အခြေခံ၍ သင်ကြားပို့ချပေးခြင်း၊ မွေးရာပါအထုံပါရမီ ရှိသော ကျောင်းသားများ၏ တမူထူးခြားသော လိုအပ်ချက်များအား သိမှတ်နိုင်ရန် ထရိန်နင်သင်တန်းရရှိထားသော မွေးရာပါအထုံပါရမီဆိုင်ရာ အသိအမှတ်ပြုလက်မှတ်ရ/မွေးရာပါအထုံပါရမီအား ပံ့ပိုးပေးသော ဆရာတစ်ဦးထံမှ သင်ကြားမှုအား လက်ခံရရှိခြင်း၊ အဆိုပါ ဆရာဖြစ်သူသည် တွေးခေါ်ချင့်ချိန်မှု၊ တီထွင်ဖန်တီးမှု နှင့် ပြဿနာဖြေရှင်းမှုတို့ကို တိုက်တွန်းအားပေးသော လွတ်လပ်စွာ တွေးခေါ်စဉ်းစားနိုင်သည့် အိမ်စာတာဝန်ပေးအပ်မှုများအား ထောက်ပံ့ပေးခြင်းအားဖြင့် ကျောင်းသားများအတွက် နောက်ထပ်သော ပညာရေး အခွင့်အလမ်းများ ထောက်ပံ့ပေးခြင်း အစရှိသည့် အကန့်အသတ်မရှိသော အကျိုးကျေးဇူးများကို ရရှိနိုင်ပါသည်။ ထို့ပြင် အထက်တန်းကျောင်းအဆင့်တွင်မူ မွေးရာပါအထုံပါရမီ ဝန်ဆောင်မှုများသည် ယေဘုယျအားဖြင့် အဆင့်မြင့် နေရာချမှု (AP) သင်ရိုးအစီအစဉ် စီစဉ်ပေးခြင်းအား ထောက်ပံ့ပေးသည်။

29. အတန်းပုံမှန်တက်ရောက်မှုသည် မွေးရာပါအထုံပါရမီဆိုင်ရာ အရည်အချင်းပြည့်မီမှုအပေါ် သက်ရောက်မှု ရှိပါသလား။
    a. တိုက်ရိုက်သက်ရောက်မှုမျိုး မရှိပေ။ သို့သော်လည်း အကယ်၍ ကျောင်းသားတစ်ဦးသည် မကြာခဏ ကျောင်းပျက်သောကြောင့် တန်ဖိုးရှိသော စာသင်ခန်း သင်ကြားပို့ချမှုများအား လက်လွှတ်သွားခဲ့လျှင် ၎င်းတို့၏ ပညာရေး စွမ်းဆောင်ချက်အပေါ် သက်ရောက်မှု ရှိနိုင်သည်ဖြစ်ရာ မွေးရာပါအထုံပါရမီ ဖော်ထုတ်ရေး အကဲဖြတ်စစ်ဆေးမှု အမျိုးမျိုးမှ ၎င်းတို့၏ ရလဒ်များအပေါ် ကျိုးကြောင်းဆီလျော်စွာ သက်ရောက်မှုများ ရှိနိုင်ပါသည်။

30. မွေးရာပါအထုံပါရမီရှိသူ ကျောင်းသားများအတွက် စာသင်ခန်းပြင်ပ နောက်ထပ်သော ထပ်ဆောင်း ပညာရေးဆိုင်ရာ အရင်းအမြစ်များ နှင့် စာသင်ကျောင်းတစ်ကျောင်းစီအလိုက် အသုံးပြုသော ဝန်ဆောင်မှု စံနမူနာမော်ဒယ်များ ရှိပါသလား။
    a. ကျောင်းသားများအတွက် Clever/Launchpad မှတစ်ဆင့် ရရှိနိုင်သော အရင်းအမြစ်များ များစွာ ရှိပါသည်။ အကြံပြုထောက်ခံအပ်သော အရင်းအမြစ်များမှာ GALILEO နှင့် MackinVia တို့ ဖြစ်ပြီး၊ ၎င်းတို့ နှစ်ခုစလုံးသည် ဂရိတ်အတန်းအဆင့်များ အားလုံးအတွက် အီလက်ထရောနစ် စာအုပ်များအား ကမ်းလှမ်းထောက်ပံ့ပေးပါသည်။ ခရိုင်မှ ကမ်းလှမ်းထောက်ပံ့ပေးသော အစီအစဉ်များလည်း များစွာ ရှိပြီး၊ ဤတွင် အောက်ဖော်ပြပါတို့ အကန့်အသတ်မရှိ ပါဝင်ပါသည် - မြို့တော်ဝန်၏ ဂုဏ်ထူးဆု အစီအစဉ်၊ Fernbank သိပ္ပံစင်တာ ပွဲအစီအစဉ်များ၊ Tech for Littles (ငယ်ရွယ်သူများအတွက် နည်းပညာ) အစီအစဉ် - DeKalb ၏ Byte Sized Brilliance (တစ်လုပ်စာအရွယ်အစား တောက်ပပွင့်လန်းမှု) နည်းပညာပွဲတော်၊ အမျိုးသား သမိုင်းဝင်နေ့၊ DeKalb ၏ နည်းပညာ ပွဲတော်၊ Helen Ruffin Reading Bowl စာဖတ်ပြိုင်ပွဲ၊ သိပ္ပံပွဲတော် နှင့် လူမှုလေ့လာရေး ပွဲတော်။

31. အကယ်၍ မိဘ/အုပ်ထိန်းသူတစ်ဦးသည် စာသင်ခန်းအတွင်း မိမိတို့ကလေးထံ ထောက်ပံ့ပေးထားသော မွေးရာပါအထုံပါရမီ ပညာရေးဝန်ဆောင်မှုများနှင့်စပ်လျဉ်း၍ ရှင်းလင်းသေချာမှု မရှိလျှင် သို့မဟုတ် စိတ်ကျေနပ်မှု မရှိလျှင် မည်သူ့ထံသို့ ဆက်သွယ်သင့်သနည်း။
    a. အဆိုပါအခြေအနေများတွင်မူ နောက်ထပ် ဆွေးနွေးမှုများ ပြုလုပ်ရန်အတွက် ဆရာဖြစ်သူထံသို့ တိုက်ရိုက် ဆက်သွယ်ဖို့ရန် အစဉ် အကြံပြုအပ်ပါသည်။ အကယ်၍ မိဘ/အုပ်ထိန်းသူတစ်ဦးသည် အဆိုပါကိစ္စနှင့်စပ်လျဉ်း၍ ဆရာဖြစ်သူဖြင့် ဆက်သွယ်ဆောင်ရွက်၍ မရလျှင် သို့မဟုတ် အဆိုပါဆက်သွယ်ဆွေးနွေးမှုအပေါ် စိတ်တိုင်းကျခြင်း မရှိလျှင် ၎င်းမိဘ/အုပ်ထိန်းသူသည် စာသင်ကျောင်း၏ ကျောင်းအုပ်ထံသို့ ဆက်သွယ်နိုင်ပါသည်။ အကယ်၍ မိဘ/အုပ်ထိန်းသူတစ်ဦးသည် ကျောင်းအုပ်ရုံးခန်းထံ ဆက်သွယ်ဆောင်ရွက်၍

မရလျှင် သို့မဟုတ် ကျောင်းအုပ်ဖြင့် အဆိုပါဆက်သွယ်ဆွေးနွေးမှုအပေါ် စိတ်တိုင်းကျခြင်း မရှိလျှင် ၎င်းမိဘ/အုပ်ထိန်းသူသည် စာသင်ကျောင်း၏ ဧရိယာမှ ကြီးကြပ်သူဌာနမှူး ရုံးခန်းထံ ဆက်သွယ်နိုင်ပါသည်။

32. မွေးရာပါအထုံပါရမီ ဖော်ထုတ်မှုသည် ခရိုင်တစ်ခုလုံးရှိ အခြားသော စာသင်ကျောင်းများတွင်ပါ အကျုံးဝင်သက်ရောက်မှု ရှိပါသလား။ အကယ်၍ ကျောင်းပြောင်းရွှေ့ ခဲ့လျှင် ဆက်လက် သက်ရောက်မှုရှိပါမည်လား။
    a. ရှိပါသည်။ အကယ်၍ ကျောင်းသားတစ်ဦးသည် Georgia ရှိ အများပြည်သူပိုင် စာသင်ကျောင်း တစ်ကျောင်းတွင် မွေးရာပါအထုံပါရမီ ပညာရေး ဝန်ဆောင်မှုများအတွက် အရည်အချင်းပြည့်မီခဲ့လျှင် ဤဖော်ထုတ်တွေ့ ရှိမှုသည် Geogria အတွင်းရှိ မည်သည့် အခြားသော အများပြည်သူပိုင် စာသင်ကျောင်းတွင်မဆို ကျောင်းသားနှင့်အတူ လွှဲပြောင်းသက်ရောက်မှု ရှိပေမည်။

33. မိမိတို့၏ကလေးအား မွေးရာပါအထုံပါရမီ ဖော်ထုတ်ရေး အပိုင်းများ/သင်ရိုးအစီအစဉ်များအတွင်း စာရင်းသွင်းခြင်း ပြုမည်/မပြုမည်ကို မိဘများကိုယ်တိုင် ဆုံးဖြတ်မှု ပြုလုပ်နိုင်ပါသလား။
    a. မိမိတို့၏ကလေးသည် မွေးရာပါအထုံပါရမီရှိသူအဖြစ် ဖော်ထုတ်ခံရရန် မိဘများကိုယ်တိုင် ဆုံးဖြတ်မှု မပြုလုပ်နိုင်သော်ငြား မိမိတို့ကလေး၏ ပညာရေး အပြင်အဆင်၊ အချိန်စာရင်း နှင့် သင်ရိုး တိုးတက်မှုအခြေအနေ အစရှိသည်တို့နှင့်စပ်လျဉ်းပြီး ထည့်သွင်းမှုများ ထောက်ပံ့ဖို့အလို့ငှာ မိမိတို့ကလေး၏ စာသင်ကျောင်း အကြံပေးအတိုင်ပင်ခံ နှင့်/သို့မဟုတ် ကျောင်းအုပ်/တာဝန်ပေးအပ်ခြင်းခံရသူတို့ဖြင့် ဆက်သွယ်ဆောင်ရွက်ဖို့ရန် မိဘများအား အစဉ် အကြံပြုတိုက်တွန်းအပ်ပါသည်။

34. အကယ်၍ ကျောင်းသားဖြစ်သူသည် မွေးရာပါအထုံပါရမီရှိသူ သတ်မှတ်ချက်ဖြင့် အရည်အချင်းပြည့်မီခဲ့ပြီး၊ ထို့နောက် အခြားသို့ ပြောင်းရွှေ့သွားကာ ထို့နောက်တွင်မှ Georgia သို့ ပြန်လည်ရောက်ရှိလာခဲ့လျှင် မွေးရာပါအထုံပါရမီ ဝန်ဆောင်မှုများအတွက် ထပ်မံရည်ညွှန်းခံရရန် သို့မဟုတ် ထပ်မံအကဲဖြတ်စစ်ဆေးမှုခံယူရန် လိုအပ်ပါမည်လား။
    a. မလိုအပ်ပါ။ Georgia ပြည်နယ်အတွင်းမှ ၎င်းတို့၏ ကနဦး မွေးရာပါအထုံပါရမီရှိသူအဖြစ် သတ်မှတ်ဖော်ထုတ်ခံရမှုသည် ဆက်လက်၍ သက်ရောက်မှုရှိနေမည် ဖြစ်သည်။

35. ချာတာကျောင်းများသည်လည်း DeKalb ကောင်တီအတွင်းရှိ အများပြည်သူပိုင် စာသင်ကျောင်းများကဲ့သို့ပင် တူညီသော ပံ့ပိုးမှုအား ရရှိပါသလား။
    **a.** ကျွန်ုပ်တို့ DeKalb ကောင်တီကျောင်းခရိုင်၏ စာသင်ကျောင်း တီထွင်ဆန်းသစ်ဖန်တီးမှု ဌာနသည် DeKalb ကောင်တီကျောင်းခရိုင်မှ စုစည်းဆောင်ရွက်သော ချာတာကျောင်းများနှင့်အတူ – အမျိုးမျိုးသော ဌာနခွဲများဖြင့် ပူးပေါင်း၍ ပုံမှန် ဆက်သွယ်ကာ ပုံမှန် ပံ့ပိုးမှုများ ထောက်ပံ့ပေးသည် https://www.dekalbschoolsga.org/charter-schools/

36. DeKalb ကောင်တီကျောင်းခရိုင်အတွင်းမှ မွေးရာပါအထုံပါရမီ ပညာရေးသည် မဂ္ဂနက် စာသင်ကျောင်းများ/မဂ္ဂနက် အစီအစဉ်များတို့ဖြင့် တိုက်ရိုက် ဆက်သွယ်ချိတ်ဆက်မှု တစ်စုံတစ်ရာ ရှိပါသလား။
    a. အချုပ်ဆိုရလျှင် မရှိပါ။ DCSD ၏ မဂ္ဂနက် အစီအစဉ်များတွင် စာရင်းသွင်းထားသော ကျောင်းသားများသည် မကြာခဏဆိုသလို မွေးရာပါအထုံပါရမီရှိသူအဖြစ် သတ်မှတ်ဖော်ထုတ်ခံရလေ့ရှိပြီး၊ မဂ္ဂနက် စာသင်ကျောင်းများအတွင်းရှိ မွေးရာပါအထုံပါရမီ ဝန်ဆောင်မှုများအား လက်ခံရရှိသော်ငြား မွေးရာပါအထုံပါရမီ ပညာရေး ဝန်ဆောင်မှုများသည် မဂ္ဂနက်စာသင်ကျောင်းများဖြင့်သော်လည်းကောင်း မဂ္ဂနက် အစီအစဉ်များဖြင့်သော်လည်းကောင်း ချည်နှောင်ချိတ်ဆက်နေခြင်း မရှိပေ။ မွေးရာပါအထုံပါရမီဆိုင်ရာ

ပညာရေးဌာနသည် DeKalb ကောင်တီကျောင်းခရိုင်အတွင်းရှိ မဂ္ဂနက် စာသင်ကျောင်းများ သို့မဟုတ် မဂ္ဂနက် အစီအစဉ်များအပေါ် စီမံအုပ်ချုပ်ခြင်း မရှိပေ။ DeKalb ကောင်တီကျောင်းခရိုင်အတွင်းရှိ မဂ္ဂနက် အစီအစဉ် ရွေးချယ်စရာများနှင့် ပတ်သက်သည့် နောက်ထပ်သော အချက်အလက်များအား ဤလင့်ခ်တွင် တွေ့ ရှိနိုင်ပါသည် - https://www.dekalbschoolsga.org/school-choice/

37. မွေးရာပါအထုံပါရမီ စာသင်ခန်းများတွင် အသုံးပြုသော မွေးရာပါအထုံပါရမီ ဝန်ဆောင်မှု စံနမူနာမော်ဒယ်များအား သတ်မှတ်ဆုံးဖြတ်ရန်အလို့ငှာ မွေးရာပါအထုံပါရမီဆိုင်ရာ ပညာရေးဌာနသည် စာသင်ကျောင်းများတွင် မည်သည့်အခန်းကဏ္ဍမှ ပါဝင်ပံ့ပိုးလျက် ရှိသနည်း။
    a. မွေးရာပါအထုံပါရမီ ပညာရေးအတွက် စီစဉ်ဆောင်ရွက်ပေးသူ အကြီးတန်းစီနီယာ ဝန်ထမ်းနှစ်ဦးသည် ဤနမူနာမော်ဒယ်များအကြောင်း တိုင်ပင်ဆွေးနွေးရန်ငှာ စာသင်ကျောင်း စီမံအုပ်ချုပ်သူများဖြင့် တွေ့ ဆုံရသည်။ စာသင်ကျောင်း စီမံအုပ်ချုပ်သူများသည် မိမိတို့ စာသင်ကျောင်းများအတွက် အသင့်တင့်ဆုံးသော နမူနာမော်ဒယ်(များ)အား သတ်မှတ်ဆုံးဖြတ်သည်။

38. မွေးရာပါအထုံပါရမီရှိသူ ကျောင်းသားများအတွက် မွေးရာပါအထုံပါရမီ စာသင်ခန်းများအတွင်းမှ သင်ရိုးညွှန်းတမ်းသည် ပုံမှန်သင်ရိုးညွှန်းတမ်းဖြင့် မည်သို့ ခြားနားမှုရှိသနည်း။
    **a.** Georgia ပညာရေးဌာန၏ စည်းမျဉ်း 160-4-2-.38 - မွေးရာပါအထုံပါရမီရှိသူ ကျောင်းသားများအတွက် ပညာရေးအစီအစဉ် သတ်မှတ်ချက်အရ ခြားနားသော သင်ရိုးညွှန်းတမ်းတစ်ခု ဆိုသည်မှာ စင်စစ် "မွေးရာပါအထုံပါရမီရှိသော ကျောင်းသားများအတွက် သင့်တင့်စွာ ချိန်ညှိပြင်ဆင်ထားသော အကြောင်းအရာဘာသာရပ်၊ သင်ကြားပို့ချမှု နည်းစနစ်များ နှင့် ကျောင်းသားတတ်မြောက်မှုဆိုင်ရာ မျှော်မှန်းချက်များတို့နှင့်အညီဖြစ်သော သင်ယူလေ့လာမှု သင်ရိုးများ" ကို ဆိုလိုခြင်း ဖြစ်သည်။ https://cdn-cms-gadoe-org-fpf4gke0fwd4htef.a03.azurefd.net/app/uploads/2024/11/EDUCATION-PROGRAM-FOR-GIFTED-STUDENTS.pdf

39. စာသင်ကျောင်းသည် ကောင်တီ၏ မွေးရာပါအထုံပါရမီ အစီအစဉ် လမ်းညွှန်ချက်များနှင့်အညီ လိုက်နာဆောင်ရွက်မှုရှိကြောင်း သေချာစေရန် ကောင်တီမှ မည်သည့် အမိန့်ထုတ်ပြန်ချက်ဖြင့် မည်သို့ တရားဝင် စီမံဆောင်ရွက်ထားသနည်း။
    a. ကျောင်းပညာသင်နှစ် တစ်နှစ်အတွင်း သက်ဆိုင်ရာ စာသင်ကျောင်းများသည် ၎င်းတို့ စီစဉ်ခန့်အပ်ထားသော မွေးရာပါအထုံပါရမီ ဝန်ဆောင်မှု နမူနာမော်ဒယ်များနှင့်အညီ လိုက်နာဆောင်ရွက်မှုရှိကြကြောင်း ခေါင်းဆောင်များအား စစ်ဆေးသည့် စစ်ဆေးချက်များ များစွာ ရှိပြီး၊ ပုံမှန်အားဖြင့် စာသင်ကျောင်းများအား Georgia ပညာရေးဌာနသို့ အစီရင်ခံတင်ပြဖို့ရန် သတ်မှတ်ထားသည်။ ကျွန်ုပ်တို့၏ မွေးရာပါအထုံပါရမီ ပညာရေးဌာန (လက်ရှိ ဆောင်းဦး 2024 အရ စီစဉ်ဆောင်ရွက်ပေးသူ အကြီးတန်းစီနီယာ နှစ်ဦး) သည် စာသင်ကျောင်းများအတွင်း မွေးရာပါအထုံပါရမီ ပညာရေးနှင့်ပတ်သက်၍ လုပ်ငန်းကျွမ်းကျင်မှုပိုင်းဆိုင်ရာ ဖွံ့ ဖြိုးတိုးတက်မှုများကို ထောက်ပံ့ပေးပြီး၊ မွေးရာပါအထုံပါရမီ ပညာရေးနှင့်စပ်လျဉ်းသော ကိစ္စရပ်များအတွက်ငှာ မကြာခဏ ကျောင်းခေါင်းဆောင်များဖြင့် ဆက်သွယ်၊ ပူးပေါင်းဆောင်ရွက်ကြရသည်။ ထိုနည်း၎င်းပင် စာသင်ကျောင်းများအတွင်းမှ မွေးရာပါအထုံပါရမီ ပညာရေး ကိစ္စရပ်များနှင့်စပ်လျဉ်း၍ သက်ဆိုင်ရာဧရိယာမှ ကြီးကြပ်သူဌာနမှူးများ၏ ရုံးခန်းများဖြင့်လည်း မကြာခဏ ဆက်သွယ်၊ ပူးပေါင်းဆောင်ရွက်မှုပြုပေသည်။

40. မွေးရာပါအထုံပါရမီရှိသူ ကျောင်းသားများအတွက် ကောလိပ် ဝင်ရောက်ခွင့်နှင့်စပ်လျဥ်းပြီး အထူးအကျိုးခံစားခွင့်များ တစ်စုံတစ်ရာ ရှိပါသလား။
    a. တက္ကသိုလ်စနစ်တစ်ခုစီတွင် ၎င်းတို့ကိုယ်ပိုင် ဝင်ခွင့်သတ်မှတ်ချက်များ ရှိသည်နှင့်အညီ Georgia အများပြည်သူပိုင် စာသင်ကျောင်းများအတွင်းမှ မွေးရာပါအထုံပါရမီ ဝန်ဆောင်မှုများသည်လည်း အဆင့်မြင့် နေရာချစီစဉ်မှု သင်ရိုးများ (အဆင့်မြင့် ဘာသာရပ် ဝန်ဆောင်မှု နမူနာမော်ဒယ်) မှတစ်ဆင့် အထက်တန်းကျောင်းသားများအတွက် ဝန်ဆောင်မှုများအား ထောက်ပံ့ပေးသည်။ ကလေးတစ်ဦး၏ အထက်တန်းကျောင်း အမှတ်စာရင်းပေါ်မှ အဆင့်မြင့် နေရာချစီစဉ်မှု (AP) သင်ရိုးများသည် ပုံမှန်အားဖြင့် ၎င်းတို့၏ ကောလိပ်ကျောင်း လျှောက်လွှာများကို ပိုမို အားသာချက်ရရှိစေရန် ပြုလုပ်ပေးသည်။

41. အကယ်၍ ကလေးတစ်ဦးသည် မွေးရာပါအထုံပါရမီ အစီအစဉ်အတွင်း ပါဝင်လျှင် သူ/သူမအနေနှင့် ဝန်ဆောင်မှုများအား လက်ခံရရှိရန်ဗုာ အခြားသော စာသင်ခန်းတစ်ခုသို့ သွားရောက်ရပါမည်လား သို့မဟုတ် ကလေးအား ဝန်ဆောင်မှုပေးမည့် မွေးရာပါအထုံပါရမီ ဆရာဖြစ်သူသည် ၎င်းတို့၏ စာသင်ခန်းထဲသို့ လာရောက်ပါမည်လား။
    a. ဤသည်မှာ ကျောင်းမှ အသုံးပြုသော မွေးရာပါအထုံပါရမီ ဝန်ဆောင်မှု မော်ဒယ်အပေါ် မူတည်မည် ဖြစ်သည်။ ဒေသခံစာသင်ကျောင်း၏ လိုအပ်ချက်များ၊ ကျောင်းသား ဦးရေ၊ ဝန်ထမ်း အင်အား အစရှိသည်တို့အပေါ် အခြေခံကာ စာသင်ကျောင်းအဆင့်တွင်ပင် ဤဆုံးဖြတ်ချက်အား ချမှတ်ခြင်း ဖြစ်သည်။

42. ကျောင်းတစ်ကျောင်းစီရှိ မွေးရာပါအထုံပါရမီရှိသူ ကျောင်းသား အရေအတွက်အပေါ် မူတည်ပြီး ခရိုင်သည် ရန်ပုံငွေ အမျိုးအစားတစ်ခုခုအား လက်ခံရရှိပါသလား။
    **a.** 2024-2025 ကျောင်းပညာသင်နှစ်အတောအတွင်း Georgia ပြည်နယ်အတွင်းမှ အများပြည်သူပိုင် ကျောင်းခရိုင်များသည် မွေးရာပါအထုံပါရမီရှိသူအဖြစ် ဖော်ထုတ်သတ်မှတ်ခံရသော ကျောင်းသားများ၏ သင်ကြားပို့ချမှုဆိုင်ရာ အပိုင်းတစ်ခုစီအတွက် အချိန်ပြည့် စာရင်းသွင်းမှု (FTE) 1.7340 အား ရရှိခဲ့ပြီး၊ ၎င်းသင်ကြားပို့ချမှုများအား ထောက်ခံခွင့်ပြုချက်ရ မွေးရာပါအထုံပါရမီ ဝန်ဆောင်မှု မော်ဒယ်တစ်ခုအတွင်း မွေးရာပါအထုံပါရမီအား ပံ့ပိုးပေးသည့် ဆရာတစ်ဦးမှ သင်ကြားပို့ချပေးခြင်း ဖြစ်သည်။ FTE အား စာရင်းအင်းရေးဆွဲ၍ အောက်တိုဘာလ နှင့် မတ်လများတို့တွင် Georgia ပညာရေးဌာနသို့ အစီရင်ခံတင်ပြရသည်။ https://georgiainsights.gadoe.org/Data-Collections/Documents/FTE%20Resources/FY2025/FY2025%20FTE%20Categories%20and%20Weights.pdf

43. အကယ်၍ ကျောင်းသားတစ်ဦးသည် မွေးရာပါအထုံပါရမီ ပညာရေးအတွက် အရည်အချင်းပြည့်မီလျှင် ၎င်းတို့၏ မွေးရာပါအထုံပါရမီ ဝန်ဆောင်မှုများအား မည်သည့် အချိန်၌ စတင်ရရှိမည်နည်း။
    a. အရည်အချင်းပြည့်မီကြောင်း သတ်မှတ်ဆုံးဖြတ်ပေးခဲ့သည့် အချိန်ကာလအပေါ်မူတည်ကာ မွေးရာပါအထုံပါရမီ ဝန်ဆောင်မှုများအား နောက်လာမည့် စာသင်နှစ်ဝက်/ကျောင်းပညာသင်နှစ်တွင် မိမိတို့၏ ကျောင်းသားများ စတင်ရရှိနိုင်ကြောင်း မိဘများမှ မျှော်မှန်းထားနိုင်ပါသည်။ ဥပမာအားဖြင့် နွေဦးတွင် မွေးရာပါအထုံပါရမီ ဝန်ဆောင်မှုများအတွက် အရည်အချင်းပြည့်မီသည်ဟု ယူဆရသည့် ကျောင်းသားများသည် နောက်လာမည့် ကျောင်းပညာသင်နှစ်၏ ဆောင်းဦးကာလတွင် ဝန်ဆောင်မှုရရှိဖို့ရန် မျှော်မှန်းထားနိုင်ပါသည်။

44. ကျောင်းသားတစ်ဦးသည် ကျောင်းပညာသင်နှစ်ပေါင်းများစွာ ဆက်တိုက်ဆိုသလို မွေးရာပါအထုံပါရမီ ပညာရေးအတွက် အကဲဖြတ်စစ်ဆေးမှုကို ခံယူနိုင်ပါသလား။

a. ခံယူနိုင်ပါသည်။ ကျောင်းသားတစ်ဦးသည် ကျောင်းပညာသင်နှစ်များစွာ ဆက်တိုက်ဆိုသလို မွေးရာပါအထုံပါရမီ ဖော်ထုတ်ရေးအတွက် အကဲဖြတ်စစ်ဆေးမှုအား ခံယူနိုင်ပါသည်။ ကျောင်းသားတစ်ဦးသည် ဒိုမိန်းလေးခု (အောင်မြင်ရရှိမှု၊ စိတ်စွမ်းရည်၊ တီထွင်ဖန်တီးမှု၊ စိတ်လှုံ့ဆော်တက်ကြွမှု) အတွင်း တစ်ခုခုတွင် အရည်အချင်းပြည့်မီသော ရမှတ်အား ရရှိခဲ့လျှင် အဆိုပါ အရည်အချင်းပြည့်မီမှု ရမှတ်သည် စစ်ဆေးမှုခံယူသည့် ရက်စွဲမှစ၍ ၂နှစ်တာအတွင်း အကျုံးဝင်သက်ရောက်မှုရှိနေမည် ဖြစ်သည်။

45. ကျောင်းသားတစ်ဦးသည် မွေးရာပါအထုံပါရမီရှိသူအဖြစ် သတ်မှတ်ဖော်ထုတ်ခံပြီးလျှင် ဆက်လက် အရည်အချင်းပြည့်မီနေဖို့အလို့ငှာ သတ်မှတ်ကာလအလိုက် အကဲဖြတ်စစ်ဆေးမှုကို ခံယူဖို့ လိုအပ်ပါသလား၊ သို့မဟုတ် ၎င်းတို့သည် ၎င်းတို့ ကျောင်းပြီးမြောက်အောင်မြင်သွားသည့်အထိ မွေးရာပါအထုံပါရမီ ဝန်ဆောင်မှုများ ဆက်လက်ရရှိပိုင်ခွင့် ရှိပါသလား။
   a. ကျောင်းသားတစ်ဦးသည် Georgia အများပြည်သူပိုင်ကျောင်းခရိုင်တစ်ခုအတွင်း မွေးရာပါအထုံပါရမီ ဝန်ဆောင်မှုများအတွက် အရည်အချင်းပြည့်မီပြီးသည်နှင့် တစ်ပြိုင်နက် မွေးရာပါအထုံပါရမီ ဝန်ဆောင်မှုများတွက် ဆက်လက် အရည်အချင်းပြည့်မီနေဖို့အလို့ငှာ ထပ်မံ အကဲဖြတ်စစ်ဆေးမှု ခံယူဖို့ မလိုအပ်ပေ။

46. အလယ်တန်းကျောင်းသားများအတွက် ၎င်းတို့အနေနှင့် ၎င်းတို့၏ မွေးရာပါအထုံပါရမီအား မည်သို့အားဖြင့် အထက်တန်းကျောင်းသို့ သယ်ဆောင်သွားနိုင်မည်နည်း၊ ထို့ပြင် ၎င်းသည် နိုင်ငံတကာ တက္ကသိုလ်ပထမဘွဲ့ (Intrntational Baccalauraeate) ဖြင့် မည်သို့ ထပ်ချင်းထပ်နေမည်နည်း။
   a. Georgia ပညာရေးဌာနသည် သင်ရိုးအား သင်ကြားပေးသော ဆရာဖြစ်သူထံ၌ ၎င်း၏ မွေးရာပါအထုံပါရမီ ပံ့ပိုးပေးခွင့်ရှိနေသရွေ့ မွေးရာပါအထုံပါရမီ ပညာရေး ဝန်ဆောင်မှု မော်ဒယ် သတ်မှတ်ထားသမျှအတိုင်းအတာအရ အရည်အချင်းပြည့်မီစေရန်အလို့ငှာ အဆင့်မြင့် နေရာချစီစဉ်မှု သင်ရိုးများနှင့် နိုင်ငံတကာ တက္ကသိုလ်ပထမဘွဲ့ သင်ရိုးများတို့ကို ထောက်ခံခွင့်ပြုပေးပါသည်။ အထက်တန်းကျောင်းတွင် အများစုသော မွေးရာပါအထုံပါရမီ ဝန်ဆောင်မှု မော်ဒယ်များသည် အဆင့်မြင့် နေရာချစီစဉ်မှု သင်ရိုးများ ဖြစ်သည်။

47. အကယ်၍ ကျွန်ုပ်၏ ပညာသင်ကျောင်းသား၏ IEP အရ သူမ/သူသည် အုပ်စုငယ် စစ်ဆေးမှု သို့မဟုတ် အခြားသော စစ်ဆေးမှုဆိုင်ရာ နေရာချပြင်ဆင်မှုအား ရရှိသည်ဟု ဖော်ပြထားလျှင် ဤသည်တို့အား မွေးရာပါအထုံပါရမီ စစ်ဆေးမှုအတွင်း သက်ရောက်အသုံးချစီစဉ်ပေးဖို့ လိုအပ်ပါသလား။
   a. အဆိုပါသော အခြေအနေများတွင် ကျောင်းသားဖြစ်သူ၏ IEP စစ်ဆေးမှုဆိုင်ရာ နေရာချပြင်ဆင်မှုများသည် အကဲဖြတ်စစ်ဆေးမှု ရမှတ်ပေးခြင်း သို့မဟုတ် စံသတ်မှတ်ခြင်းအပေါ် သက်ရောက်မှု မရှိစေသော နည်းလမ်းများဖြင့် Georgia ပညာရေးဌာနမှ ထောက်ခံခွင့်ပြုထားသော မွေးရာပါအထုံပါရမီ အကဲဖြတ်စစ်ဆေးမှုနှင့်အညီ ခရိုင်မှ စီစဉ်ဆောင်ရွက်ပေးရမည် ဖြစ်သည်။ ဤသည်မှ အခြေအနေတစ်ခုချင်းအလိုက် ဆုံးဖြတ်ချက် ဖြစ်ပြီး၊ အထူးပညာရေး ဝန်ဆောင်မှုများ နှင့် ကလေး၏ IEP အတွင်း ပါဝင်သော စစ်ဆေးမှုဆိုင်ရာ နေရာချပြင်ဆင်မှုများအတွက် ကလေး၏ အရည်အချင်းပြည့်မီမှုအပေါ် မူတည်ပါသည်။

48. မွေးရာပါအထုံပါရမီရှိသူအဖြစ် အရည်အချင်းပြည့်မီနိုင်ရန် စံသတ်မှတ်ထားသော အကဲဖြတ်စစ်ဆေးမှုများအား ဖြေဆိုခြင်းသည်သာလျှင် ကျောင်းသားဖြစ်သူအတွက် တစ်ခုတည်းသော နည်းလမ်း ဖြစ်ပါသလား။
   **a.** Georgia ပညာရေးဌာန၏ စည်းမျဉ်းသတ်မှတ်ချက်အရ မွေးရာပါအထုံပါရမီ ဝန်ဆောင်မှုများတွင် အရည်အချင်းပြည့်မီရန်အလို့ငှာ ကျောင်းသားတစ်ဦးသည် ထောက်ခံခွင့်ပြုထားသည့် စံသတ်မှတ်ထားသော အကဲဖြတ်စစ်ဆေးမှု ရလဒ်များအရ အောင်မြင်ရရှိမှု နှင့်/သို့မဟုတ် စိတ်စွမ်းရည်များ အစရှိသော ဒိုမိန်းများထဲမှ

အနည်းဆုံး တစ်ခုတွင် အရည်အချင်းပြည့်မီရမည် ဖြစ်သည်။ အရည်အချင်းပြည့်မီမှုနှင့်ပတ်သက်သော နောက်ထပ် အချက်အလက်များ ဤလင့်ခ်တွင် တွေ့ ရှိနိုင်ပါသည် (အရည်အချင်းပြည့်မီမှု အကန့်) - https://www.dekalbschoolsga.org/gifted/

49. IEP ရှိသော ကျောင်းသားတစ်ဦးသည် မွေးရာပါအထုံပါရမီအတွက် အရည်အချင်းပြည့်မီနိုင်ပါသလား။
   a. ပြည့်မီနိုင်ပါသည်။ မွေးရာပါအထုံပါရမီ ပညာရေးအတွက် အရည်အချင်းပြည့်မီမှုဆိုင်ရာ ကန့်သတ်ချက်စည်းမျဉ်းများသည် Georgia ပြည်နယ်အတွင်းရှိ ကျောင်းသားများအားလုံးအတွက် အတူတူပင် ဖြစ်သည်။ မွေးရာပါအထုံပါရမီ အရည်အချင်းပြည့်မီမှုနှင့်ပတ်သက်သော နောက်ထပ် အချက်အလက်များ ဤလင့်ခ်တွင် တွေ့ ရှိနိုင်ပါသည် (အရည်အချင်းပြည့်မီမှု အကန့်) - https://www.dekalbschoolsga.org/gifted/

50. မွေးရာပါအထုံပါရမီ ဝန်ဆောင်မှုများအား တစ်ပတ်လျှင် အနည်းဆုံး အချိန်မည်မျှ သတ်မှတ်ချက်ဖြင့် ထောက်ပံ့ပေးသင့်သနည်း။
   a. မွေးရာပါအထုံပါရမီ ဝန်ဆောင်မှုများအား တစ်ပတ်လျှင် အနည်းဆုံး သင်ကြားပို့ချမှုအပိုင်း 5 ချိန်စာ (အပိုင်းတစ်ပိုင်းလျှင် မိနစ် 50 ခန့်) ရရှိသင့်ပေသည် – ၎င်းမွေးရာပါအထုံပါရမီရှိသူအဖြစ် ဖော်ထုတ်သတ်မှတ်ခံရသော ကျောင်းသားတစ်ဦးစီအတွက် မွေးရာပါအထုံပါရမီဆိုင်ရာ အချိန်ပြည့် စာရင်းသွင်းအပ်နှံမှု (FTE) အား ကျောင်းမှ ရရှိနိုင်စေရန် ဖြစ်သည်။

51. အထွေထွေပညာရေးမှ ဆရာ၊ဆရာမများအနေနှင့် ၎င်းတို့၏ မွေးရာပါအထုံပါရမီအပေါ် ပံ့ပိုးမှုအတွက်ဌာ ထပ်ဆောင်း သင်ကြားပို့ချမှုဆိုင်ရာ အကျိုးခံစားခွင့်များ ရရှိပါမည်လား။
   a. သေချာပေါက် ရရှိပါမည်။ ထိရောက်သော နည်းဗျူဟာများသည် ကျောင်းသားများအားလုံးအတွက် သက်ရောက်မှု ရှိပါသည်။ ဤအစီအစဉ်သည် DeKalb ဆရာ၊ဆရာမများအတွက် ဒီဇိုင်းရေးဆွဲထားခြင်း ဖြစ်ပြီး၊ ခရိုင်မှ ထောက်ပံ့ပေးသော အရင်းအမြစ်များ ပါဝင်ပါသည်။ ဆရာ၊ဆရာမများသည် ဤနည်းဗျူဟာများအား သင်ယူကြရမည် ဖြစ်ပြီး၊ ၎င်းတို့အား စာသင်ခန်းအတွင်း ပြန်လည် အသုံးချပေးရမည် ဖြစ်သည်။ ဆရာ၊ဆရာမများသည် မိမိတို့ စာသင်ကျောင်းနှင့် ခရိုင်တစ်ဝှမ်းမှ လုပ်ဖော်ကိုင်ဖက်များဖြင့် ပူးပေါင်းလုပ်ကိုင်ဆောင်ရွက်ခြင်းမှလည်း အကျိုးကျေးဇူးများ ရရှိနိုင်ပါသည်။

52. အထူးပညာရေး၊ ပုဒ်မ 504 နှင့် မွေးရာပါအထုံပါရမီ ပညာရေး အစီအစဉ်များတို့သည် မည်သို့ အတူတကွ တွဲဖက်လုပ်ကိုင်ပါသနည်း။
   a. IEP (အထူးပညာရေး) အစီအစဉ် သို့မဟုတ် ပုဒ်မ 504 အစီအစဉ်တစ်ခု ရှိထားသော ကျောင်းသားတစ်ဦးသည် မွေးရာပါအထုံပါရမီ ပညာရေး ဝန်ဆောင်မှုများအတွက် အရည်အချင်းပြည့်မီသူ ဖြစ်လာနိုင်ပါသည်။ ၎င်းတို့ ထိုသို့အရည်အချင်းပြည့်မီလာသည်နှင့်တစ်ပြိုင်နက် ၎င်းတို့သည် ၎င်းတို့၏ IEP သို့မဟုတ် ပုဒ်မ 504 အစီအစဉ်အတွင်းမှ နေရာထိုင်ခင်းပြင်ဆင်မှုများ နှင့် မွမ်းမံပြင်ဆင်ဆောင်ရွက်မှုပေးမှုများ၊ ထို့ပြင် ၎င်းတို့၏ IEP အတွင်းပါဝင်သည့် အခြားသော အထူးပညာရေး ဝန်ဆောင်မှုများတို့ကို ၎င်းတို့၏ မွေးရာပါအထုံပါရမီ သင်ကြားမှု စာသင်ခန်းများအတွင်း ဆက်လက် ရရှိပိုင်ခွင့်ရှိပါသည်။

53. မွေးရာပါအထုံပါရမီ ပညာရေးသည် STEM ၊ အနုပညာ အစရှိသည်တို့ကဲ့သို့သော ဧရိယာတစ်ခုခုတွင် အဓိကအာရုံပြု ဆောင်ရွက်ထားပါသလား။

a. ဆောင်ရွက်နိုင်ပါသည်။ မွေးရာပါအထုံပါရမီ ဝန်ဆောင်မှုများတွင် အဓိကအာရုံပြုထားသော သင်ကြားပို့ချချက်သည့် ဆရာ၊ဆရာမအဆင့် နှင့် စာသင်ကျောင်းအဆင့် ဆုံးဖြတ်ချက်များ ဖြစ်သည်။ မွေးရာပါအထုံပါရမီ ဖော်ထုတ်မှု အခြေအနေအရ သင့်ကလေးသည် မွေးရာပါအထုံပါရမီဆိုင်ရာ အသိအမှတ်ပြုလက်မှတ်ရရှိထားသော ဆရာတစ်ဦးထံမှ သင်ကြားပို့ချမှုကို ရယူခွင့်ရှိသည်။ ကျောင်းသားများသည် GaDOE မှ "မွေးရာပါအထုံပါရမီရှိသော ကျောင်းသားများအတွက် သင့်တင့်စွာ ချိန်ညှိပြင်ဆင်ထားသော အကြောင်းအရာဘာသာရပ်၊ သင်ကြားပို့ချမှု နည်းစနစ်များ နှင့် ကျောင်းသားတတ်မြောက်မှုဆိုင်ရာ မျှော်မှန်းချက်များတို့နှင့်အညီဖြစ်သော သင်ယူလေ့လာမှု သင်ရိုးများ" ဟူ၍ အဓိပ္ပါယ်ဖွင့်ဆိုထားသော ကွဲပြားခြားနားသည့် သင်ရိုးညွှန်းတမ်းအား လက်ခံရရှိမည် ဖြစ်သည်။ မွေးရာပါအထုံပါရမီ ဝန်ဆောင်မှုများ ရရှိရန် ဖော်ထုတ်သတ်မှတ်ခံရခြင်းသည် DeKalb ကောင်တီကျောင်းခရိုင် (DCSD) အတွင်းရှိ ကလေးတစ်ဦး၏ စာသင်ကျောင်း နေရာချမှုတစ်ခုအပေါ် သက်ရောက်မှု မရှိပေ။ DCSD စာသင်ကျောင်း တစ်ကျောင်းစီသည် အရည်အချင်းပြည့်မီသော ကျောင်းသားများအတွက် မွေးရာပါအထုံပါရမီ ပညာရေး ဝန်ဆောင်မှုများအား ထောက်ပံ့ပေးနိုင်သင့်သည်။

54. ဂရိတ်အဆင့်တစ်ခုစီရှိ မွေးရာပါအထုံပါရမီရှိသူ ကျောင်းသား အရေအတွက် နှင့်ပတ်သက်သော ဒေတာ အချက်အလက်များအား အများပြည်သူ ကြည့်ရှုရယူနိုင်ပါသလား။

a. DeKalb ကောင်တီကျောင်းခရိုင်၏ သုတေသနနှင့် တာဝန်ခံ၊တာဝန်ယူမှုဆိုင်ရာ ဌာနခွဲသည် ဤဆိုဒ်ပေါ်ရှိ လူထုထံ တင်ပြရသော ဒေတာ ဒက်ရှ်ဘုတ်အား စီမံခန့်ခွဲပေးသည် - https://www.dekalbschoolsga.org/data-dashboards/. ကျွန်တော်တို့သည် လာမည့်ကာလအတွင်း ကျွန်တော်တို့ခရိုင်၏ မွေးရာပါအထုံပါရမီရှိသောကျောင်းသားများ၏ပါဝင်မှုဒေတာကို ထိုဝဘ်ဆိုဒ် ပေါ်တွင် လူသိရှင်ကြားထုတ်ပြန်ရန် စီစဉ်ထားပါသည်။

55. ကျွန်တော်၌ မွေးရာပါအထုံပါရမီရှိသူ အကဲဖြတ်စစ်ဆေးမှု နှင့်ပတ်သတ်၍ မေးခွန်းများရှိပါက မည်သူ့ကိုဆက်သွယ်နိုင်မည်နည်း။

a. သင့်ကလေး၏ကျောင်းတွင် သတ်မှတ်ထားသော မွေးရာပါအထုံပါရမီရှိခြင်းဆိုင်ရာ ဆက်ဆံရေးအရာရှိတစ်ဦး ရှိပါသည်။ သင့်ကျောင်း၏ ကျောင်းအုပ်ကြီး/ ကျောင်းမှတာဝန်ပေးအပ်ခြင်းခံရသူ သည် သင့်အား ကျောင်း၏ မွေးရာပါအထုံပါရမီရှိခြင်းဆိုင်ရာ ဆက်ဆံရေးအရာရှိနှင့် ဖော်ပြပေးပြီး ချိတ်ဆက်ပေးနိုင်ရပါမည်။ မွေးရာပါအထုံပါရမီရှိသူ အကဲဖြတ်စစ်ဆေးမှုအား ကူညီထောက်ပံ့ပေးသည့် မွေးရာပါအထုံပါရမီ ပညာရေး အတွက် ခရိုင်စီနီယာ ညှိနှိုင်းရေးမှူးမှာ Mrs. Donyell Atkinson (Emmika_Atkinson@DeKalbSchoolsGA.org) ဖြစ်သည်

56. ကျောင်းတွင် နှစ်စဉ်နှစ်တိုင်း မွေးရာပါအထုံပါရမီ ပညာရေးအတွက် ခွဲခြားသတ်မှတ်ထားခြင်းခံရသည့် ကျောင်းသားအရေအတွက် သတ်မှတ်ချက်များရှိပါသလား။

a. မရှိပါ။ နှစ်စဉ်နှစ်တိုင်း မွေးရာပါအထုံပါရမီရှိခြင်းဆိုင်ရာ ဝန်ဆောင်မှုများအတွက် အရည်အချင်းပြည့်မီလာနိုင်သည့် ကျောင်းသာများ၏ အရေအတွက် ကန့်သတ်ချက်မရှိပါ။

57. ပရော်ဖယ်ရှင်နယ် ဖွံ့ဖြိုးတိုးတက်မှုအတွက် ကျောင်းဆရာများပါဝင် နိုင်သည့် တိကျသော မွေးရာပါအထုံပါရမီရှိခြင်း ဆိုင်ရာပညာရေး နှင့်သက်ဆိုင်သည့် အကြောင်းအရာအချို့ကား အဘယ်နည်း။ ပညာရေးဆိုင်ရာတင်းကျပ်မှု၊ ပိုမိုမြင့်မားစွာတွေးခေါ်မှု၊ နှင့်ဝေဖန်ပိုင်းခြားတွေးခေါ်မှု အစရှိသည့် အကြောင်းအရာများတို့သည် မွေးရာပါအထုံပါရမီရှိခြင်းဆိုင်ရာ ပညာရေး နှင့်သက်ဆိုင်သည့် ပရော်ဖယ်ရှင်နယ် ဖွံ့ဖြိုးတိုးတက်မှုအစား ကျောင်းသား အားလုံးအား မည်သို့လှုံ့ဆော် ပေးပါသနည်း။

a. အကြောင်းအရာများတွင် မေးခွန်းမေးခြင်း၊ တုံ့ပြန်ချက်၊ အုပ်စုငယ်အားသင်ကြား ပို့ချမှု၊ နည်းပညာ၊ ဖန်တီးနိုင်စွမ်း၊ နှင့် ပရောဂျက်အခြေခံ သင်ကြားမှုအစရှိသည်တို့ ပါဝင်ပါသည်။ ကျောင်းဆရာအားလုံးအား မွေးရာပါအထုံပါရမီရှိသူကျောင်းသားအား ကူညီထောက်ပံ့ပေးသော ဌာနမှ ပရော်ဖယ်ရှင်နယ် သင်ကြားမှုတွင် ပါဝင်ရန် ဖိတ်ကြားခြင်းခံရပါသည်။

58. ၎င်းတို့ကျောင်းပြီးဆုံးသည့်နောက်တွင် မွေးရာပါအထုံပါရမီရှိသူ ကျောင်းသားများ အတွက် ရရှိနိုင်သော ပညာသင်ဆုရှိပါသလား။

**a.** ကိုယ်ရေးအကျဉ်း နှင့်ပညာရေးနောက်ခံ အားလုံးရှိသည့် ကျောင်းသားများအတွက် ရရှိနိုင်သော အဆင့်မြင့်/ ဆက်လက်ပညာသင်ကြားရေး ဆိုင်ရာပညာသင်ဆုများစွာရှိပါသည်။ သင့်ကလေး၏ ကိုယ်ရေးအကျဉ်း နှင့် ပညာရေးနောက်ခံ နှင့်ကိုက် ညီသည့် ပညာသင်ဆုများ ရရှိခြင်းဆိုင်ရာ တိကျသောအချက်အလက်နှင့် ကူညီထောက်ပံ့မှုအတွက် သင့်အထက်တန်းကျောင်းသား၏ ကျောင်းအတိုင်ပင်ခံပုဂ္ဂိုလ်ဆီသို့ဆက်သွယ်ပါ။ Georgia အတွင်းရှိ ကောလိပ်ကျောင်းအတွက် ငွေရေးကြေးရေးအထောက်အပံ့ ဆိုင်ရာနောက်ထပ်အချက်အလက် ကိုအောက်ပါဝဘ်ဆိုဒ်တွင် တွေ့ရှိနိုင်ပါသည်- https://www.gafutures.org/

59. ကျောင်းဆရာနှင့် မိဘများတို့သည် မွေးရာပါအထုံပါရမီရှိသူ ကျောင်းသားများ၏ စိတ်ကျန်းမာရေးအားကာကွယ်ခြင်း နှင့်သက်ဆိုင်သည့် အကြောင်းအရာကို မည်သို့ ပိုမိုလေ့လာနိုင်သနည်း။

a. အထူးစိတ်ကျန်းမာရေးလိုအပ်ချက်ရှိသော ကျောင်းသားများအား ကူညီထောက်ပံ့ပေးသည့် ဝန်ဆောင်မှု ဌာနခွဲ (Division of Wrap Around Services ) သည် ကျောင်းသားများ၏ စိတ်ကျန်းမာရေး ကို ကူညီထောက်ပံ့ပေးသည့် ကျောင်းဆရာ၊ ကျောင်းသား နှင့် မိသားစုများအစရှိသည်တို့အတွက် ဝန်ဆောင်မှုအရင်းအမြစ်မျိုးစုံအား ပေးဆောင်ပါသည်။ ၎င်းတွင် ကျောင်းသားများအတွက် ပေးဆောင်သော လူမှုစိတ်ခံစားမှုဆိုင်ရာ သင်ကြားမှုအပိုင်းများပါဝင်သည်။ ကျောင်းဆရာ သို့မဟုတ် မိဘတစ်ဦးသည် ကျောင်းသားနှင့်သက်ဆိုင်သည့် စိတ်ကျန်းမာရေးအခြေအနေ ဆိုင်ရာ နောက်ထပ်အချက်အလက် အားပိုမို သိရှိလိုပါက၊ ကျောင်းအတိုင်ပင်ခံပုဂ္ဂိုလ် သို့မဟုတ် လူမှုဖူလုံရေး ဝန်ထမ်းသည် နောက်ထပ်အကူအညီအတွက် ကျောင်းအဆင့် တွင်ဆက်သွယ်ရန် သင့်လျော်သော ပရော်ဖယ်ရှင်နယ်များဖြစ်ကြပါသည်။

60. ဆရာ့အတွက် နောက်ထပ်ပင်ကိုယ်စွမ်းရည်ဆိုင်ရာထောက်ခံချက် အားမည်သည့်အချိန်တွင် ပေးရမည်နည်း။

a. ပင်ကိုယ်စွမ်းရည်ဆိုင်ရာထောက်ခံချက် ပရိုဂရမ်အတွက် လျှောက်လွှာများ အား ဩဂုတ်လတိုင်း- စာသင်နှစ်၏ ပထမဆုံးရက်သတ္တပတ် အတန်ကြာ တွင် လက်ခံပါသည်။

61. မွေးရာပါအထုံပါရမီအမျိုးအစားအဆင့်လိုက်ရှိသော ကျောင်းသားများအတွက် ကျောင်းသားအရေအတွက်မည်မျှရှိသနည်း။

a. မွေးရာပါအထုံပါရမီရှိခြင်းဆိုင်ရာ ဝန်ဆောင်မှု ပုံစံအပိုင်းများအတွက် ကျောင်းသားအရေအတွက်လမ်းညွှန်ချက်ကို ဤ (“ဝန်ဆောင်မှုပုံစံ” အပိုင်း) လင့်(ခ) ၌ရှိသော Georgia ပညာရေး ဌာန၏ မွေးရာပါအထုံပါရမီရှိခြင်းဆိုင်ရာ ဝန်ဆောင်မှုအရင်းအမြစ် လက်စွဲစာအုပ်(Georgia Department of Education Gifted Resources Manual) တွင် တွေ့ရှိနိုင်ပါသည်- https://www.dekalbschoolsga.org/documents/gifted/manuals/gadoe-manual.pdf

62. ကျောင်းသားများ (မွေးရာပါအထုံပါရမီရှိသည် ဖြစ်စေ မရှိသည်ဖြစ်စေ)သည် DeKalb ကောင်တီကျောင်းခရိုင်မှတစ်ဆင့် အလုပ်သင် သင်တန်းအစီအစဉ် များ နှင့် အခြားသော လုပ်ငန်းခွင် လေ့လာသင်ယူမှု အတွေ့အကြုံများ တွင် ပါဝင်ရန် အခွင့်အရေးရှိပါသလား။

a. ရှိပါသည်။ DeKalb ကောင်တီ ကျောင်းခရိုင်သည် အထက်တန်းကျောင်းသားများ အတွက် သက်မွေးမှုလုပ်ငန်း၊ နည်းပညာ၊ နှင့် စိုက်ပျိုးရေးပညာ(CTAE) အစရှိသည့် လမ်းကြောင်း အမျိုးမျိုးကို ပေးဆောင်ပါသည်။ CTAE အပြင်အခြားသော အကြောင်းအရာများကို ဤဝဘ်ဆိုဒ်တွင် တွေ့ရှိနိုင်ပါသည်- https://ctaedekalb.org/home; https://www.dekalbschoolsga.org/curriculum/high-school/. ထို့အပြင် DCSD သည် အလုပ်အခြေပြု သင်ကြားမှုပရိုဂရမ် အခွင့်အရေးများစွာ နှင့်အတူ အထက်တန်းကျောင်းသားများအား ပေးဆောင်ပါသည်။ ကျွန်ုပ်တို့၏ CTAE ဌာန နှင့် အလုပ်အခြေပြု သင်ကြားရေး (Work-Based Learning) ဝန်ထမ်းတို့သည် ပရိုဂရမ်ကမ်းလှမ်းချက်၊ အစီအစဉ်၊ နှင့် ဒီဇိုင်းအစရှိသည်တို့နှင့်ပတ်သတ်၍ အဆင့်မြင့်ပညာရေး နှင့်စက်မှုလုပ်ငန်း ပရော်ဖယ်ရှင်နယ်များတို့ နှင့် ပုံမှန်ပူးပေါင်းဆောင်ရွက်ခြင်း နှင့် ဆက်သွယ် ခြင်းကို ထိန်းသိမ်းထားပါသည်။ CTAE လမ်းကြောင်း နှင့် အလုပ်အခြေပြု သင်ကြားရေး ကမ်းလှမ်းချက်များတို့ နှင့်သက်ဆိုင်သည့် နောက်ထပ်အချက်အလက် အတွက် သင့်အထက်တန်းကျောင်းသား၏ အတိုင်ပင်ခံပုဂ္ဂိုလ်ကို မေးပါ။